# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်၊ တနင်္လာနေ့။ Monday, 5 January 2026 ၁၂၀၅၃


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုဖျော်ဖြေပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က တည်ခင်းဧည့်ခံသည့် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုဖျော်ဖြေပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး ဥပစာမြက်ခင်းပြင်၌ ကျင်းပသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဗဟိုလုံး ဖေယျာကျော်ထင် သရေစည်သူ ဦးညိုစောနှင့်ဇနီး၊ ပြည်ထောင်စု ဝန်ကြီးများနှင့် ဇနီးများက ကြိုဆိုနှုတ်ဆက်ကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။


ယနေ့ ဖတ်စရာ

တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနား ကျင်းပ — စာမျက်နှာ » ၇

အကျဉ်းသား / အကျဉ်းသူများကို ပြစ်ဒဏ်၏ ခြောက်ပုံတစ်ပုံ လွတ်ငြိမ်းသက်သာခွင့်ပြု — စာမျက်နှာ » ၁၂

ပြည်သူ့ရင်ပြင်၌ ကျင်းပလျက်ရှိသည့် MSME ဈေးရောင်းပွဲတော်တွင် ဝယ်ယူအားပေးသူ ပြည်သူများဖြင့် အထူးစည်ကား — စာမျက်နှာ » ၁၀

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ — စာမျက်နှာ » ၁၃

# အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး တစ်စိတ်တစ်ဝမ်းတည်း လက်တွဲကြိုးပမ်း

မျက်မှောက်ကာလတွင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ စည်းလုံးညီညွတ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပအဖျက်အမှောင့်အုပ်စုများက နည်းလမ်းပေါင်းစုံအသုံးပြု၍ အမျိုးမျိုးနှောင့်ယှက်နေကြသည်ကို တွေ့ရမည်။ "ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်" ဖြစ်၍ ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူအားလုံး "ရေကိုသား၍အကြားမထင်"ဆိုသကဲ့သို့ စည်းလုံးညီညွတ်မှုဖြင့် မိမိနိုင်ငံအရေးကို ရှေးရှုဆောင်ရွက်ကြမှသာ ရေရှည်တည်တံ့ပြီး တောင့်တင်းခိုင်မာသော နိုင်ငံအဖြစ်ရပ်တည်နိုင်မည်ဖြစ်သည်။

မိမိနိုင်ငံအကျိုးစီးပွားသည် မိမိနိုင်ငံအတွင်းမှာသာရှိသည်။ မိမိနိုင်ငံအကျိုးစီးပွားကို မိမိတို့နိုင်ငံသားများကသာ ဖန်တီးဖော်ဆောင်နိုင်သည်။ တိုင်းတစ်ပါးဆိုသည်မှာ မိတ်ကောင်းဆွေကောင်းနိုင်ငံများမှအပ ၎င်းတို့နိုင်ငံ၏အကျိုးစီးပွားကို သာဦးတည်ပြီး ဆက်ဆံဆောင်ရွက်လေ့ရှိသည်။ ထို့ကြောင့် ပြည်တွင်းအင်အားသည် အဓိကကျပြီး မိမိနိုင်ငံ၏ ကံကြမ္မာကို မိမိတို့ကိုယ်တိုင် ဖော်ဆောင်ကြရမည်ဖြစ်သည်။ ပြည်သူများအနေဖြင့် လွတ်လပ်ရေးအခွန့်ရှည်ကြာတည်တံ့ခိုင်မြဲစေရန် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး "ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး" ကို အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး ပြည်ထောင်စုစိတ်ဓာတ်ကိုအရင်းခံကာ အစဉ်တစိုက်ထိန်းသိမ်းစောင့်ရှောက်သွားရမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာတွင် "မြန်မာနိုင်ငံကို သူ့ကျွန်ဘဝမှ လွတ်မြောက်စေကာ တိုင်းတစ်ပါး၏ လွှမ်းမိုးချုပ်ကိုင်မှုကင်းရှင်းပြီး နိုင်ငံ၏အရေးကိစ္စအဝဝကို ကိုယ်ပိုင်ဆုံးဖြတ်ဆောင်ရွက်နိုင်သည့် လွတ်လပ်ပြီးအချုပ်အခြာအာဏာ ပိုင်စိုးသောနိုင်ငံအဖြစ်သို့ ပြန်လည်ရောက်ရှိရန် နှစ်ပေါင်းတစ်ရာကျော် ခက်ခဲကြမ်းတမ်းစွာတိုက်ပွဲဝင်ခဲ့ကြရပါသည်။ ကာလကြာရှည်စွာ ကြိုးစားရယူခဲ့ရသည့် လွတ်လပ်ရေးသည် လွဲမှားသည့် အတွေးအခေါ်၊ အယူအဆနှင့် လုပ်ဆောင်ချက်များကြောင့် တစ်ခဏအတွင်း လက်လွတ်ဆုံးရှုံးရနိုင်သည်ကို ယခုအချိန်ကာလမျိုးတွင် သတိမူရမည်ဖြစ်ပါသည်"ဟု ဖော်ပြထားသည်။

နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှုကြောင့် ဖြစ်ပေါ်လာခဲ့သော သွေးကွဲမှုကို စည်းလုံးညီညွတ်မှုဖြင့် ယနေ့ထက်တိုင်တည်ဆောက်နေရသည်။ သွေးကွဲမှုကြောင့် ပေါ်ပေါက်လာခဲ့သော လက်နက်ကိုင်လမ်းစဉ်ချုပ်ငြိမ်းစေရန် ခေတ်အဆက်ဆက်အစိုးရများက နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ လူမျိုးစွဲ၊ ဝါဒစွဲ၊ အတ္တစွဲနှင့် ကိုယ်ကျိုးစီးပွား ရှေ့တန်းတင်မှုတို့ဖြင့် နိုင်ငံတော်တွင် လက်နက်ကိုင်ပဋိပက္ခများ၊ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် နိုင်ငံပိုင်အခြေခံအဆောက်အအုံများနှင့် တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုများကြုံတွေ့ခဲ့ရသည်။ လက်နက်ကိုင်လမ်းစဉ်ဖြင့် မဖြစ်သင့်မဖြစ်ထိုက်သည်များကို တောင်းဆိုခြင်း၊ လက်နက်ကိုင်လမ်းစဉ်ကို ဖက်တွယ်ပြီး လူမျိုးစွဲ၊ ဒေသစွဲ ကြီးမားစွာဖြင့် မိမိတို့၏ဆန္ဒကိုသာ ရှေ့တန်းတင် ဦးစားပေးဖန်တီးဆောင်ရွက်မှုများသည် မိမိတို့၏ဒေသခံပြည်သူလူထုကိုသာ ဆင်းရဲတွင်းနက်စေသည်။

လက်ရှိဖြစ်ပေါ်နေသော သဘောထားကွဲလွဲမှုများနှင့် နိုင်ငံရေးပြဿနာများသည် ပြည်ထောင်စုကြီးအခွန့်ရှည်တည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့ကို ထိခိုက်စေနိုင်သည်ကို သတိချပ်ကြရမည်ဖြစ်သည်။ ယနေ့အချိန်အခါတွင် နိုင်ငံ၏ပကတိလိုအပ်ချက်သည် လက်နက်ကိုင်လမ်းစဉ်ချုပ်ငြိမ်းပြီး နိုင်ငံတစ်ဝန်းလုံး ထာဝရငြိမ်းချမ်းရေး ရရှိရေးပင်ဖြစ်သည်။ ငြိမ်းချမ်းရေးသည် ပဋိပက္ခများမရှိခြင်းဟူသော သဘောတရားထက် ပိုမိုလေးနက်မှုရှိပြီး ပြဿနာကို ငြိမ်းချမ်းစွာဖြေရှင်းတတ်ခြင်း၊ မတူကွဲပြားမှုများကို လေးစားတတ်ခြင်း၊ တစ်ဦးအပေါ်တစ်ဦး နားလည်သည်းခံခွင့်လွှတ်တတ်ခြင်းနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ခြင်းစသည်တို့အပေါ်တွင် အခြေခံသည်။ ငြိမ်းချမ်းရေးသဘောတရားနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးတန်ဖိုးတို့ကို အမှန်တကယ်လက်ခံကျင့်သုံးမှသာ ငြိမ်းချမ်းရေးနှင့် အေးချမ်းသာယာရေးအသီးအပွင့်များကို အပြည့်အဝခံစားနိုင်မည်။

လက်နက်ကိုင်ပဋိပက္ခများနှင့် အကြမ်းဖက်မှုများကြောင့် ထိခိုက်ဆုံးရှုံးမှုများသည် ဖွံ့ဖြိုးမှုအားနည်းသော တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်သာ အများဆုံးဖြစ်ပေါ်နေသည်ကို တွေ့ရမည်။ တည်ငြိမ်အေးချမ်းမှုမရှိလျှင် ဒေသဖွံ့ဖြိုးတိုးတက်မှုကို ရရှိနိုင်မည်မဟုတ်ပေ။ ပြည်တွင်းတည်ငြိမ်အေးချမ်းမှုရှိမှသာ တိုင်းပြည်သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်ကဏ္ဍပေါင်းစုံသာမက တစ်တိုင်းပြည်လုံး ဟန်ချက်ညီစွာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုမရှိပါက နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနောက်ကျသည့်အပြင် တိုင်းတစ်ပါးမှ အထင်အမြင်သေးပြီး ဝင်ရောက်စွက်ဖက်နှောင့်ယှက်မှု၊ အချုပ်အခြာအာဏာပိုင်နက်နယ်မြေထိပါးနှောင့်ယှက်မှုအထိ ဖြစ်လာနိုင်သည်။ သို့ဖြစ်ရာ ပြည်တွင်းအားသည် ပြည်တွင်းမှာသာရှိသဖြင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို တစ်စိတ်တစ်ဝမ်းတည်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

# သတင်းနှင့် စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် အသက်(၈၀)နှင့်အထက်အသင်းဝင်များ သက်ကြီးပူဇော်ပွဲကျင်းပ



ရန်ကုန် ဇန်နဝါရီ ၄

သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် အသက်(၈၀)နှင့်အထက်အသင်းဝင်များ သက်ကြီးပူဇော်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ သိမ်ဖြူလမ်း သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရုံးချုပ်ရှိ ရွှေဥဒေါင်းခန်းမ၌ကျင်းပရာ ပင့်ဖိတ်ထားသည့်သံဃာတော်များ ကြွရောက်တော်မူကြပြီး အသင်းကြီး၏ ကန်တော့ခံသက်ကြီးအသင်းဝင်များ၊ အသင်းအမှုဆောင်များနှင့် အသင်းဝင်များ၊ ဝန်ထမ်းများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဦးစွာ သံဃာတော်များထံမှ ဩဝါဒသိက္ခာပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များ နာယူ၍ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် သတင်းနှင့် စာနယ်ဇင်းဝန်ထမ်းဟောင်းအသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေက အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူးက အသင်း၏ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကာ ကန်တော့ခံသက်ကြီးအသင်းဝင်များကို ဩဝါဒပရိသတ်တို့က ကန်တော့ချီးဖြင့် ကန်တော့ကြသည်။

ယင်းနောက် နိုင်ငံတော်မှ ချီးမြှင့်အပ်နှင်းသော စာပေပညာထူးချွန်တံဆိပ် (ဒုတိယဆင့်)ရရှိခဲ့ကြသော ဂုဏ်ထူးဆောင် အသင်းသား ဦးရဲမြင့်ဖေ၊ အသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ကျော်ဒင်နှင့် အသင်း၏ဘဏ္ဍာငွေများ တိုးတက်ရရှိအောင် ကြိုးစားစွမ်းဆောင်ပေးခဲ့သည့် ဦးမြလှိုင်(ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း))တို့ကို ဂုဏ်ပြုလက်ဆောင်နှင့် မှတ်တမ်းလွှာများ ပေးအပ်သည်။

ဆက်လက်၍ သက်ကြီးကန်တော့ခံဆရာသမားနှစ်ဦးနှင့် တက်ရောက်လာသူတစ်ဦးက မုဒိတာစကားနှင့် ဆုံးမဩဝါဒစကားပြောကြားပြီး အသင်းဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဩဝါဒပရိသတ်များက အသင်းကြီး၏ ကန်တော့ခံ သက်ကြီးအသင်းဝင်များ၊ အသင်းအမှုဆောင်များနှင့် အသင်းဝင်များ၊ ဝန်ထမ်းများ၊ ခုနစ်ရက်သားသမီးအလှူရှင်များအားလုံး ကျန်းမာချမ်းသာပြီး ဘေးဘယာဝေးကွာကြပါစေကြောင်း နှစ်သစ်ဆုတောင်းမေတ္တာများ ပို့သခဲ့ကြကြောင်း သိရသည်။ **မောင်သီဟ(MNA)**

# ပေါင်မြို့နယ်၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား ကျင်းပ

ပေါင် ဇန်နဝါရီ ၄

ပေါင်မြို့နယ်၌ (၇၈)နှစ်မြောက်လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကို ယနေ့နံနက် ၄ နာရီ မိနစ် ၂၀ က မွန်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လွတ်လပ်ရေးကျောက်တိုင်၌ ကျင်းပသည်။

ဆက်လက်၍နံနက် ၇ နာရီတွင်မြို့နယ်ခန်းမ၌ တက်ရောက်လာသူများက နိုင်ငံတော်အလံအား အလေးပြုကြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော သဝဏ်လွှာကို ပေါင်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထင်လင်းအောင်က ဖတ်ကြားသည်။

ဆက်လက်၍ မြို့နယ်အဆင့်အခြေခံပညာကျောင်းများ၌ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် အားကစားပြိုင်ပွဲတို့တွင် ဆုရရှိခဲ့သည့် ကျောင်းသား ကျောင်းသူများအား မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

# လှည်းကူးမြို့နယ်၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား ကျင်းပ

လှည်းကူး ဇန်နဝါရီ ၄

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားကို ယနေ့နံနက် ၇ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ဦးစွာ ဂုဏ်ပြုရဲတပ်ဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြုပြီး လှည်းကူးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထွန်းနောင်က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအား ဖတ်ကြားသည်။

အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးသင်းအဖွဲ့များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ၄ - ၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၆၀၀၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **ခေတ္တ စာတည်းမှူး** | - အေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | **သုတေသန** | - ဇင်မာဝင့် |
| | | **စာပြင်** | - ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - နီလာစိုးနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com

https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ ပဒေသာကပွဲကို ကြည့်ရှုအားပေးကြစဉ်။

☆ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့သည် ဂုဏ်ပြုဆောင်ခန်းမ ဥပစာမြက်ခင်းပြင်သို့ရောက်ရှိကြပြီး နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးတို့နှင့်အတူ ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ခံများ၊ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်များနှင့် အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

## ကြည့်ရှုအားပေး

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးတို့သည် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မီးရှူးမီးပန်းများ ပစ်ဖောက်မှုကို ကြည့်ရှုအားပေးကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးတို့သည် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ ညစာကို အတူတကွ သုံးဆောင်ကြသည်။ ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ဂုဏ်ပြုဆောင်ခန်းမ၌ ပဒေသာကပွဲကို ကြည့်ရှုအားပေးကြသည်။

ပဒေသာကပွဲအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးတို့သည် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနတို့မှ တေးသံရှင်များနှင့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းပေးအပ်ပြီး ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

အဆိုပါ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဖေယျကျော်ထင် သရေစည်သူ ဦးညိုစောနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့်ဇနီး၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ခံများ၊ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်များ၊ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့ရရှိကြသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ တိုင်းရင်းသား တိုင်းရင်းသူများ၊ အနုပညာရှင်များ၊ အစိုးရမဟုတ်သော အသင်းအဖွဲ့များနှင့် အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

### နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရတစ်ရပ်တည်းက ကြိုးပမ်းအကောင်အထည်ဖော်ရုံနှင့် ပြည့်စုံလုံလောက်မှုမရှိနိုင်

# နယ်ပယ်ကဏ္ဍအသီးသီးက အသိပညာရှင်၊ အတတ်ပညာရှင်များ၊ စွမ်းဆောင်နိုင်သူများနှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံးက ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၄**

(၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသား ကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး သဘင်ဆောင်၌ကျင်းပရာ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာ ရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိ သုဓမ္မ မင်းအောင်လှိုင် တက်ရောက်အမှာ စကားပြောကြားပြီး ဂုဏ်ထူးဆောင်ဘွဲ့ များ ချီးမြှင့်အပ်နှင်းသည်။

အခမ်းအနားသို့ နိုင်ငံတော်ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်း သာယာရေးကော်မရှင် ဥက္ကဋ္ဌ၏ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်း၊ ကော်မရှင် အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဇေယျ ကျော်ထင် သရေစည်သူ ဦးညိုစောနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် နှင့်ဇနီး၊ ကော်မရှင် အတွင်းရေးမှူးနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့်ဇနီးများ၊ ပြည် ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စု ဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ ဂုဏ်ထူးဆောင်ဘွဲ့ရရှိ ကြသည့် ပုဂ္ဂိုလ်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံ တော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုး မဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က အမှာစကား ပြောကြား ရာတွင် ယနေ့သည် မိမိတို့နိုင်ငံ၏ သမိုင်း ဝင် နေ့ထူးနေ့မြတ် တစ်ရပ်ဖြစ်သည့် (၇၈) နှစ်မြောက်လွတ်လပ်ရေးနေ့ဖြစ်ကြောင်း၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ပြန်လည်ရယူခဲ့ပြီး လွတ်လပ်သည့်နိုင်ငံ တစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့် ထည်စွာ ပြန်လည်ရပ်တည်နိုင်ခဲ့သည်မှာ (၇၈)နှစ်ပြည့်မြောက်ပြီး ကျက်သရေ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့်ယခုကဲ့သို့ လွတ်လပ်ရေးနေ့ နေ့ထူးနေ့မြတ်အခါ သမယတွင် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားကျင်းပ ပြီး ဘွဲ့ခံပုဂ္ဂိုလ်ကြီးများကို ကိုယ်တိုင် ကိုယ်ကျ ချီးမြှင့်အပ်နှင်းခွင့်ရသည့်အတွက် မိမိအနေဖြင့် အတိုင်းမသိ ဝမ်းသာ ပီတိဖြစ်ရသည်ကို ပြောကြားလိုကြောင်း။

နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာသည် အစဉ်ထာဝရ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည့် နိုင်ငံတော်၏အသက်ခန္ဓာပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် အင်အားကြီး နိုင်ငံ နှစ်ခုကြားတွင် တည်ရှိနေပြီး ရှုပ်ထွေး သည့် နိုင်ငံရေးသမိုင်းကြောင်း နောက်ခံ များနှင့်အတူ ပထဝီအနေအထားအရ အဓိကကျသည့်နေရာတွင် ရှိနေသည့် အပြင် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ များလည်းရှိနေကြကြောင်း၊ တည်ငြိမ်မှု ရှိအောင် ထိန်းသိမ်း ဆောင်ရွက်နိုင်မှုမရှိပါ က နိုင်ငံပြိုကွဲမည့်အခြေအနေမျိုးနှင့် ထပ်မံ ကြုံတွေ့လာနိုင်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့သည့် သမိုင်း ကြောင်းများကို သင်ခန်းစာယူပြီး အနာ ဂတ်တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး တည်ငြိမ်အေးချမ်းသည့် နိုင်ငံတော်ကို ပုံဖော် တည်ဆောက်ကြပြီး နိုင်ငံအတွက် ကောင်းသည့်အမွေကို ပေးခဲ့ကြရန်လို ကြောင်း၊ သို့မှသာ မိမိတို့ကာလ၊ မိမိတို့ မျိုးဆက်များသည် နိုင်ငံအပေါ်သစ္စာရှိပြီး တာဝန်ကျေပွန်မည်ဖြစ်ကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စည်သူဘွဲ့ ရရှိသူ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်(ငြိမ်း) ဒေါက်တာဘဒ္ဒေွအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။

ထိုသို့ အသက်တမျှအရေးကြီးလှ သည့် လွတ်လပ်ရေးနှင့် အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးအတွက် မြန်မာ့ တပ်မတော်က တိုင်းရင်းသားပြည်သူ များနှင့် တွဲလက်ညီညီ သက်စွန့်ကြိုးပမ်း ရင်ဆိုင်ကာကွယ်ခဲ့ကြကြောင်း၊ ထို့ ကြောင့်လည်း ယနေ့အထိ လွတ်လပ်ရေး နှင့် အချုပ်အခြာအာဏာတည်တံ့နေခြင်း ဖြစ်သည်ကို ဘွဲ့ခံပုဂ္ဂိုလ်ကြီးများ၊ ဧည့်သည် တော်ကြီးများအားလုံး အသိပင်ဖြစ် ကြောင်း၊ လွတ်လပ်ရေးနှင့် အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေးအတွက် အဓိကမဏ္ဍိုင်ဖြစ်သည့် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန် အရေးသုံးပါးသည် တိုင်းရင်း သားပြည်သူတစ်ရပ်လုံးအတွက် လေးနက် စွာ ခံယူစောင့်ထိန်းကြရမည့် အမျိုးသား ရေးတာဝန်တစ်ရပ်ဖြစ်သည်မှာ ထင်ရှား ကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားစည်း လုံးညီညွတ်မှုစွမ်းအားကို အားကောင်း စေသည့် စစ်မှန်စည်းကမ်းပြည့်ဝပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံ သည့် ပြည်ထောင်စု ဖော်ဆောင်ရေးတွင် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး က အထူးအလေးထားပြီး တက်ညီ လက်ညီ လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်း၊ နိုင်ငံတော်တည်ဆောက် ရေးလုပ်ငန်းများ ဆိုသည်မှာ တစ်ဦးတစ်ယောက်၊ တစ်စု တစ်ဖွဲ့တည်းကဆောင်ရွက်ခြင်းထက် ကဏ္ဍပေါင်းစုံ၊ ဘက်ပေါင်းစုံက အသိ ပညာရှင်၊ အတတ်ပညာရှင်များ၊ စွမ်း ဆောင်နိုင်သူများ၏ ပူးပေါင်း ဆောင်ရွက် မှုအားသည် အဓိကကျကြောင်း၊ ထိုသို့ အင်အားများစုစည်းပူးပေါင်းပြီး အကောင် အထည်ဖော်ဆောင်ရွက်ခြင်းသည် ပိုမိုထိ ရောက်အောင်မြင်မှုရှိမည်ကို မိမိတို့အစိုးရ အနေဖြင့် နှစ်နှစ်ကာကာ လက်ခံယုံကြည် ထားပြီး လက်တွေ့တွင်လည်း ထိုအတိုင်း ပင် အကောင်အထည်ဖော် ကျင့်သုံးနေ ကြောင်း။

စာမျက်နှာ ၅ သို့ ★

★ **တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်း၊ နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများ ဆိုသည်မှာ တစ်ဦးတစ်ယောက်၊ တစ်စုတစ်ဖွဲ့တည်းက ဆောင်ရွက်ခြင်းထက် ကဏ္ဍပေါင်းစုံ၊ ဘက်ပေါင်းစုံက အသိပညာရှင်၊ အတတ်ပညာရှင်များ၊ စွမ်းဆောင်နိုင်သူများ၏ ပူးပေါင်း ဆောင်ရွက်မှုအားသည် အဓိကကျ**

★ **ထိုသို့အင်အားများ စုစည်းပူးပေါင်းပြီး အကောင်အထည်ဖော် ဆောင်ရွက်ခြင်းသည် ပိုမိုထိရောက်အောင်မြင်မှုရှိမည်ကို မိမိတို့အစိုးရအနေဖြင့် နှစ်နှစ်ကာကာ လက်ခံယုံကြည် ထားပြီး လက်တွေ့တွင်လည်း ထိုအတိုင်းပင် အကောင်အထည်ဖော် ကျင့်သုံးနေ**

★ စာမျက်နှာ ၄ မှ

ထိုသို့ပူးပေါင်းဆောင်ရွက်မှုများကြောင့်ပင် ယနေ့နိုင်ငံတော်တွင် ရင်ဆိုင်ကြုံတွေ့နေရသည့် လက်နက်ကိုင်အကြမ်းဖက်မှု အန္တရာယ်များနှင့် အခက်အခဲများကို ထိထိရောက်ရောက် တုံ့ပြန်ကိုင်တွယ်ဖြေရှင်းနိုင်ပြီး နိုင်ငံသားများ၏ အကျိုးစီးပွားကို အကာအကွယ်ပေးနိုင်နေခြင်းပင်ဖြစ်ကြောင်း၊ ထို့အပြင် သိပ်မဝေးသေးသည့် ကာလများအတွင်းကဖြစ်ပွားခဲ့သည့် ကိုဗစ်-၁၉ ကပ်ရောဂါကြီးနှင့် ဆိုင်ကလုန်းမုန်တိုင်းဘေးအန္တရာယ်၊ အင်အားအလွန်ပြင်းထန်သည့် မန္တလေးငလျင်ကြီးဘေးအန္တရာယ်များကိုလည်း နိုင်ငံတော်အစိုးရနှင့် ကဏ္ဍပေါင်းစုံက ပုဂ္ဂိုလ်များနှင့်အတူ ပြည်သူအားလုံး အတူလက်တွဲပြီး ရင်ဆိုင်ကျော်ဖြတ်နိုင်ခဲ့ကြခြင်းသည် မိမိတို့၏စည်းလုံးညီညွတ်မှု သာဓကပင်ဖြစ်ကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်ကို တည်ဆောက်ရာတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့်ပုဂ္ဂိုလ်များ၊ အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရာတွင် သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များနှင့်အညီ ထူးခြားစွာအားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့်ပုဂ္ဂိုလ်များ၊ သိပ္ပံပညာ၊ ဝိဇ္ဇာပညာနှင့် အခြားသောပညာရပ်တစ်ခုခုတွင် ကမ္ဘာ့အဆင့်မီ အောင်မြင်စွာတီထွင်ဖန်တီးစွမ်းဆောင်နိုင်ခဲ့သည့်ပုဂ္ဂိုလ်များ၊ စာပေနှင့် အနုသုခုမပညာရပ်များတွင် ထူးခြားကောင်းမွန်စွာတတ်မြောက်သည့် ပုဂ္ဂိုလ်များအပေါ်တွင် လေးစားတန်ဖိုးထားသည့်အနေဖြင့် နှစ်စဉ်သာမက နေ့ထူးနေ့မြတ်တိုင်းတွင် ဂုဏ်ပြုချီးမြှင့်မှုများ ပြုလုပ်လျက်ရှိကြောင်း။

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အနေဖြင့် ယနေ့ကျင်းပသည့် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားတွင် မြန်မာနှစ်ဆန်းတစ်ရက်နေ့ အထိမ်းအမှတ်အဖြစ် ၂၀၂၅ ခုနှစ် ဧပြီ ၁၇ ရက်က အမိန့်ကြော်ငြာစာအမှတ် ၆၀/၂၀၂၅ နှင့် ချီးမြှင့်ခဲ့သည့် စည်သူဘွဲ့ ၁၃ ဦး၊ သီရိပျံချီဘွဲ့ ကိုးဦး၊ ဇေယျကျော်ထင်ဘွဲ့ နှစ်ဦး၊ ဝဏ္ဏကျော်ထင်ဘွဲ့ လေးဦး၊ အလင်္ကာကျော်စွာဘွဲ့ လေးဦး၊ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၉၅/၂၀၂၅ နှင့် ချီးမြှင့်ခဲ့သည့် ဝဏ္ဏကျော်ထင်ဘွဲ့ သုံးဦး၊ အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အဖြစ် ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့က အမိန့်ကြော်ငြာစာအမှတ် ၂၀၃/၂၀၂၅ နှင့် ချီးမြှင့်ခဲ့သည့် သီရိပျံချီဘွဲ့ တစ်ဦး၊ ဇေယျကျော်ထင်ဘွဲ့ ခုနစ်ဦး၊ ဝဏ္ဏကျော်ထင်ဘွဲ့ ၁၀ ဦး၊ အလင်္ကာကျော်စွာဘွဲ့ ခြောက်ဦး၊ သိပ္ပကျော်စွာဘွဲ့ ၁၇ ဦး စုစုပေါင်းဘွဲ့ခံပုဂ္ဂိုလ် ၇၆ ဦးရှိသည့်အနက် အခမ်းအနားတက်ရောက်လက်ခံရယူသည့် ဘွဲ့ခံပုဂ္ဂိုလ်များကို သက်ဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့၏ အဆောင်အယောင်တံဆိပ်နှင့် ဂုဏ်ပြုစာလွှာများ ချီးမြှင့်အပ်နှင်းသွားမည်ဖြစ်ကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သူရဘွဲ့ရရှိသူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးဝေဖြိုး အတွက် ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်ရာ ဖခင် ဦးကျော်လွင်က လက်ခံစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သီရိပျံချီဘွဲ့ရရှိသူ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညာဏ်ထွန်းအား ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်အပ်နှင်းစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဇေယျကျော်ထင်ဘွဲ့ရရှိသူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်စိုးမင်းအား ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်အပ်နှင်းစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ အထွေထွေအတွင်းရေးမှူးချုပ် ဒေါ်ခိုင်ခိုင်နွယ် (ခ) ရှီဆယ်လင်းအား ဂုဏ်ထူး ဆောင်ဘွဲ့ချီးမြှင့်အပ်နှင်းစဉ်။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းပင်ဖြစ်ပါကြောင်း၊ နိုင်ငံတော်က ဖြတ်သန်းလာခဲ့သည့် ခေတ်အဆက်ဆက်တွင် နိုင်ငံရေးစနစ်အမျိုးမျိုးကို ကျင့်သုံးဆောင်ရွက်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်မှစပြီး ပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေကြသည့် ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ယူထားသည့် တပ်မတော်သည် နိုင်ငံတော်၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး တပ်မတော်သားများသည်လည်းပြည်သူလူထုကြားက ပေါက်ဖွားလာကြသူများပင်ဖြစ်ကြောင်း။

ထို့ကြောင့် တပ်မတော်အနေဖြင့် ပြည်သူများ လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေးအတွက် အဆင့်ဆင့်ဖော်ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်တွင် ကြုံတွေ့ခဲ့ရသည့် နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခက်အခဲ၊ အကျပ်အတည်းများကိုတပ်မတော်ကပင်ဦးဆောင်ဖြေရှင်းပေးခဲ့ရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်တွင် ကြုံတွေ့ခဲ့ရသည့် သမိုင်းကြောင်းများကို နိုင်ငံသားအားလုံး မှန်မှန်ကန်ကန် လေ့လာသိရှိနားလည်နိုင်ကြရန် လိုအပ်သည်ကို ပြောကြားလိုကြောင်း။

မိမိတို့ တာဝန်ယူသည့် ကာလတစ်လျှောက်လုံး အများပြည်သူလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ထူထောင်ရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်နှင့် နိုင်ငံ၏အဓိကကျသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်မှုများ တိုးတက်စေရန်၊ နိုင်ငံသားတိုင်းအတွက် အရေးကြီးသည့်ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လူမှုစီးပွားဘဝများတိုးတက်ရန်၊ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ ကျင်းပပြီး နိုင်ငံတော်အာဏာကို ရွေးကောက်ပွဲမှ ပေါ်ပေါက်လာသည့် အစိုးရကို ချောမောအောင်မြင်စွာ လွှဲပြောင်းပေးနိုင်ရန်အတွက် လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည် မှန်သမျှကို ဦးတည်ချက်၊ ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်ခဲ့ကြောင်း။

စာမျက်နှာ ၆ သို့ ★

★ တပ်မတော်အနေဖြင့် ပြည်သူများလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေးအတွက် အဆင့်ဆင့်ဖော်ဆောင်ပေးခဲ့ခြင်းဖြစ်

★ နိုင်ငံတော်တွင် ကြုံတွေ့ခဲ့ရသည့် နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခက်အခဲ၊ အကျပ်အတည်းများကို တပ်မတော်ကပင် ဦးဆောင်ဖြေရှင်းပေးခဲ့ရခြင်းဖြစ်




- ❖ **နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများဆိုသည်မှာ မည်သည့်နေ့ရက်တွင် ပြီးမြောက်အောင်မြင်သွားပြီဆိုပြီး သတ်မှတ်လုပ်ဆောင်ရသည့် ရေတိုလုပ်ငန်းမဟုတ်**
- ❖ **စဉ်ဆက်မပြတ် ဆက်လက်အကောင်အထည်ဖော်နေရသည့် ရေရှည်လုပ်ငန်းစဉ်ဖြစ်သည့်အတွက် နိုင်ငံတော်နှင့် လက်တွဲကြိုးပမ်းနေသူများကလည်း အမျိုးသားအကျိုးစီးပွားအတွက် ဆက်လက်ပြီး လက်တွဲဆောင်ရွက်ပေးကြရန်၊ ထဲထဲဝင်ဝင် ပူးပေါင်းဆောင်ရွက်ခြင်း မပြုရသေးသူများ အနေဖြင့်လည်း အမျိုးသားအကျိုးစီးပွား၊ နိုင်ငံတော်အကျိုးစီးပွားကို ရည်မျှော်ပြီး နိုင်ငံတော်အစိုးရနှင့် အမြန်ဆုံး လက်တွဲဆောင်ရွက်ပေး**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

★ စာမျက်နှာ ၅ မှ

သို့သော်လည်း နိုင်ငံနှင့်ပြည်သူ ကောင်းရာကောင်းကျိုးကို မလိုလားသည့် ပြည်ပနိုင်ငံတချို့နှင့် စဉ်းစားတွေးခေါ်မှု နည်းပါးပြီး လမ်းမှားလိုက်နေကြသည့် ပြည်တွင်း လက်နက်ကိုင်အဖွဲ့အစည်း တချို့၊ အသိဉာဏ်နည်းပါးသည့် အကြမ်းဖက်သမားများနှင့် အားပေးထောက်ခံသူများကြောင့် ယခုအချိန်တွင် အောင်မြင်သင့်သလောက် မအောင်မြင်သည်ကိုလည်း အားလုံးအသိပင်ဖြစ်ကြောင်း၊ ယနေ့ ဘွဲ့ခံပုဂ္ဂိုလ်များထဲတွင်ပါသည့် နိုင်ငံတည်ငြိမ်အေးချမ်းရေး အတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်နေသူများ၊ အသိပညာ အတတ်ပညာနှင့် နိုင်ငံကို ဘက်ပေါင်းစုံက တိုးတက်အောင် ဆောင်ရွက်နေကြသူများရှိသလို ပြည်တွင်းပြည်ပ၏ အဖျက်အမှောင့်ပယောဂကို ယုံစားပြီး အသိပညာနည်းပါးသည့် ကိုယ်ကျိုးအတ္တသမားများ၊ နိုင်ငံတော်အပေါ် သစ္စာဖောက်ဖျက်သူများလည်း ရှိနေဆဲဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နေမှုများအပေါ် မိမိတို့အနေဖြင့်စိတ်မပျက် လက်မလျှော့ဘဲ အားလုံးက စုစုစည်းစည်း၊ ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းပြီး ကောင်းမွန်သည့် နိုင်ငံ၏ အနာဂတ်ကို အောင်မြင်အောင် ဖော်ဆောင်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

**ဆက်လက်ကျင်းပသွားမည်**

မိမိတို့အနေဖြင့် ချမှတ်အကောင်အထည်ဖော်နေသည့် လုပ်ငန်းစဉ်များနှင့်အညီ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို မကြာသေးမီက အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့သည်ကိုလည်း အားလုံးအသိပင်ဖြစ်ကြောင်း၊ ထို့အပြင် လာမည့်ဇန်နဝါရီလ ၁၁ ရက်နေ့တွင် အပိုင်း(၂)ကို ကျင်းပသွားမည်ဖြစ်ပြီး အပိုင်း(၃)ကို ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် လွတ်လပ်ပြီး တရားမျှတသည့်ရွေးကောက်ပွဲနှင့် ဂုဏ်သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်စေရေးအတွက် အထူးအလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့်လည်း ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူများ မဲပေးခွင့်မဆုံးရှုံးစေရန်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို မျှော်မှန်းပြီး ဥပဒေအရ ပြစ်ဒဏ်ကျခံနေရသူများနှင့် ရင်ဆိုင်ဆဲအမှုများကို ဥပဒေနှင့်အညီ လွတ်ငြိမ်းချမ်းသာမှုများနှင့် ပြစ်ဒဏ်လျှော့ပေါ့ကင်းလွတ်ခွင့်ပြုပေးခဲ့သည်ကို အားလုံးအသိပင် ဖြစ်ကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် အလင်္ကာကျော်စွာဘွဲ့ရရှိသူ တေးရေးပညာရှင် ရေနံ့သာဝင်းမောင်အား ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်အပ်နှင်းစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သိပ္ပကျော်စွာဘွဲ့ရရှိသူ ကျန်းမာရေးဝန်ကြီးဌာနမှ ပါမောက္ခ/ဌာနမှူး(ငြိမ်း) ပါမောက္ခ ဒေါက်တာရဲမြအား ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်အပ်နှင်းစဉ်။

နိုင်ငံသားအားလုံး၏အားသည် နိုင်ငံတော်အတွက် အရေးကြီးကြောင်း၊ ရွေးကောက်ပွဲမှတစ်ဆင့် ဖြစ်ပေါ်လာမည့် အစိုးရသစ်လက်ထက်တွင်လည်း နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများတွင် ယခုကဲ့သို့ အင်တိုက်အားတိုက်ဖြင့် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ပေးကြရန် အလေးအနက်တိုက်တွန်းလိုကြောင်း။

နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများကိုဆောင်ရွက်ရာတွင်နိုင်ငံတော်အစိုးရတစ်ရပ်တည်းက ကြိုးပမ်းအကောင်အထည်ဖော်ရုံနှင့် ပြည့်စုံလုံလောက်မှုမရှိနိုင်ကြောင်း၊ နယ်ပယ်ကဏ္ဍအသီးသီးက အသိပညာရှင်၊ အတတ်ပညာရှင်များ၊ စွမ်းဆောင်နိုင်သူများနှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံးက ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ သို့မှသာ မိမိတို့အားလုံးမျှော်မှန်းထားသည့် ဒီမိုကရေစီပြည်ထောင်စုကြီးကို အချိန်တိုအတွင်း အကောင်အထည် ဖော်နိုင်ကြမည်ဖြစ်ကြောင်း။

နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများဆိုသည်မှာ မည်သည့်နေ့ရက်တွင် ပြီးမြောက် အောင်မြင်သွားပြီဆိုပြီး သတ်မှတ်လုပ်ဆောင်ရသည့် ရေတိုလုပ်ငန်းမဟုတ်ကြောင်း၊ စဉ်ဆက်မပြတ် ဆက်လက် အကောင်အထည်ဖော်နေရသည့် ရေရှည်လုပ်ငန်းစဉ်ဖြစ်သည့်အတွက် နိုင်ငံတော်နှင့်လက်တွဲကြိုးပမ်းနေသူများကလည်း အမျိုးသားအကျိုးစီးပွားအတွက် ဆက်လက်ပြီးလက်တွဲဆောင်ရွက်ပေးကြရန်၊ ထဲထဲဝင်ဝင် ပူးပေါင်းဆောင်ရွက်ခြင်း မပြုရသေးသူများအနေဖြင့်လည်း အမျိုးသား အကျိုးစီးပွား၊ နိုင်ငံတော် အကျိုးစီးပွားကို ရည်မျှော်ပြီး နိုင်ငံတော်အစိုးရနှင့် အမြန်ဆုံး လက်တွဲဆောင်ရွက်ပေးကြရန် တိုက်တွန်းအပ်ကြောင်း၊ ထို့အပြင် အမြင်မတူ သဘောထားကွဲလွဲနေကြသည့် အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များအနေဖြင့်လည်း ပဋိပက္ခများမှ တွေ့ဆုံဆွေးနွေးညှိနှိုင်းကြရန် ထပ်မံဖိတ်ခေါ်ကြောင်း။

ဘွဲ့ခံပုဂ္ဂိုလ်ကြီးများ၊ ဧည့်သည်တော်ကြီးများအနေဖြင့် ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ကြပြီး အသက်ရှည်ရှည် ကျန်းကျန်းမာမာနှင့် မိမိအကျိုး၊ သူတစ်ပါးအကျိုး၊ နိုင်ငံတော်၏ အကျိုးကို ဆတက်ထမ်းပိုး တိုးပွားအောင် သယ်ပိုးရွက်ဆောင်နိုင်ကြပါစေကြောင်း ဆန္ဒပြုဆုမွန်တောင်းကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့များ ဖြစ်ကြသည့် စည်သူဘွဲ့ ၁၃ ဦး၊ တပ်မတော်စွမ်းရည်သတ္တိဘွဲ့များဖြစ်ကြသည့် သီဟသူရဘွဲ့ရရှိသူ နှစ်ဦးနှင့် သူရဘွဲ့ရရှိသူ တစ်ဦး၊ သီရိပျံချီ ဘွဲ့ ၁၀ ဦး၊ ဇေယျကျော်ထင်ဘွဲ့ ကိုးဦး၊ ဝဏ္ဏကျော်ထင်ဘွဲ့ ၁၇ ဦး၊ အလင်္ကာကျော်စွာဘွဲ့ ရှစ်ဦး၊ သိပ္ပကျော်စွာဘွဲ့ ၁၁ ဦးတို့ကို ဂုဏ်ထူးဆောင်ဘွဲ့များ တစ်ဦးချင်း လက်ရောက်ချီးမြှင့် အပ်နှင်းသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌသည်အခမ်းအနားသို့တက်ရောက်လာကြသူများ၊ ဂုဏ်ထူးဆောင်ဘွဲ့ရရှိကြသူများနှင့် ၎င်းတို့၏မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

# တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနား ကျင်းပ

## တန်ဖိုးကြီးမားသည့် လွတ်လပ်ရေးနှင့်အတူ နိုင်ငံတော်ကာကွယ်ရေးတာဝန်၏ နက်ရှိုင်းကျယ်ပြန့်မှုကိုသိရှိပြီး ကျရာကိုယ်စီတာဝန်များကို ရဲရဲဝံ့ဝံ့ ကျေပွန်စွာထမ်းဆောင်

**နေပြည်တော် ဇန်နဝါရီ ၄**

တပ်မတော် စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက် မိန့်ခွန်းပြောကြားပြီး ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းပေးသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြိုင်ကြိုင်လှ၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဇေယျကျော်ထင် သရေစည်သူ ဦးညိုစောနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ်နှင့်ဇနီး၊ ကော်မရှင်အတွင်းရေးမှူးနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် လက်ခံရယူကြမည့် အရာရှိ၊ စစ်သည်များနှင့် အမွေခံများ တက်ရောက်ကြသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ရရှိသူတစ်ဦးအား ဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ရရှိသူတစ်ဦးအား ဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် လွတ်လပ်ရေးဟူသည်မှာ မိမိတို့မြန်မာတစ်မျိုးသားလုံးအတွက် အဖိုးအနဂ္ဃ ထိုက်တန်သည့် ရတနာတစ်ပါးပင်ဖြစ်ကြောင်း၊ ထို့ကြောင့် နှစ်စဉ်ကျရောက်မြဲဖြစ်သည့် လွတ်လပ်ရေးနေ့သည် နိုင်ငံသူ နိုင်ငံသားအားလုံးအတွက် တန်ဖိုးထားဂုဏ်ယူဖွယ်ရာ အမွန်မြတ်ဆုံးသော နေ့ထူးနေ့မြတ် အခါသမယ တစ်ခုပင်ဖြစ်ကြောင်း၊ ထိုကဲ့သို့ နေ့ထူးနေ့မြတ်ဖြစ်သည့် လွတ်လပ်ရေးနေ့ အခါသမယရောက်တိုင်း နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် သက်စွန့်ကြိုးပမ်းတာဝန်ထမ်းရွက်ခဲ့ကြသည့် သူရဲကောင်းစစ်သည်တိုင်းကို တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ပေးအပ်လျက်ရှိကြောင်း။

- **လွတ်လပ်ရေးဟူသည်မှာ မိမိတို့မြန်မာတစ်မျိုးသားလုံးအတွက် အဖိုးအနဂ္ဃ ထိုက်တန်သည့် ရတနာတစ်ပါးပင်ဖြစ်၊ နှစ်စဉ်ကျရောက်မြဲဖြစ်သည့် လွတ်လပ်ရေးနေ့သည် နိုင်ငံသူ နိုင်ငံသားအားလုံးအတွက် တန်ဖိုးထားဂုဏ်ယူဖွယ်ရာ အမွန်မြတ်ဆုံးသော နေ့ထူးနေ့မြတ် အခါသမယတစ်ခုပင်ဖြစ်**
- **နေ့ထူးနေ့မြတ်ဖြစ်သည့် လွတ်လပ်ရေးနေ့ အခါသမယရောက်တိုင်း နိုင်ငံတော်၏ လွတ်လပ်ရေး နှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲ ရေးအတွက် သက်စွန့်ကြိုးပမ်း တာဝန်ထမ်းရွက်ခဲ့ကြသည့် သူရဲကောင်းစစ်သည်တိုင်းကို တပ်မတော်စွမ်းရည်သတ္တိ ဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ပေးအပ်လျက်ရှိ**

ယနေ့အခမ်းအနားတွင်လည်း နိုင်ငံတော်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် မိမိတို့အသက်နှင့်ခန္ဓာကို ပဓာနမထားဘဲ သူရဲကောင်းတို့ထုံး နှလုံးမူပြီး ပြည့်ဝသည့်ရဲစွမ်းသတ္တိနှင့် တာဝန်ထမ်းဆောင်ခဲ့ကြသူများကို တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း။

လွတ်လပ်ရေးရပြီး နောက်ပိုင်းတွင် နိုင်ငံအတွင်း၌ ဝါဒစွဲကြီးမားမှုမှ အခြေခံပြီး ဂိုဏ်းဂဏကွဲပြားမှုများကတစ်ဆင့် ပြည်တွင်းသောင်းကျန်းမှု ကာလကို ရင်ဆိုင်ကြုံတွေ့ခဲ့ရပြန်ကြောင်း၊ ယင်းကာလအတွင်း အစိုးရအဖွဲ့အမျိုးမျိုး၊ နိုင်ငံရေးစနစ်အမျိုးမျိုးနှင့် ဆူကြုံနိမ့်မြင့်ဖြတ်သန်းခဲ့ရာတွင်လည်း တပ်မတော်သည် ဒွိတာဝန်အရေးသုံးပါးကို အခြေခံပြီး အမျိုးသားရေးတာဝန်များကို ဦးလည်မသုန် ကျေပွန်အောင် ထမ်းရွက်နိုင်ခဲ့ကြောင်း၊ တပ်မတော်သည် ဆူကြုံနိမ့်မြင့် ခရီးအသွယ်သွယ်တွင် စစ်ရေးတိုက်ပွဲများကိုသာမက နိုင်ငံရေးတိုက်ပွဲများကိုလည်း မလွဲမသွေရင်ဆိုင်ဆင်နွှဲရင်း အမျိုးသားနိုင်ငံရေး ဦးဆောင်မှုဟူသည့် ထူးခြားသည့် သမိုင်းမှတ်တိုင်တစ်ခုကိုပါ စိုက်ထူနိုင်ခဲ့ကြောင်း၊ ယင်းသည် သမိုင်းစဉ်များကချီးမြှင့်သည့် မိမိတို့တပ်မတော်၏ စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ဒြပ်တစ်ခုလည်းဖြစ်ကြောင်း။

စာမျက်နှာ ၈ သို့ *




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များရရှိခဲ့သည့် အရာရှိ၊ စစ်သည်များ၊ အမွေခံများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

✲ စာမျက်နှာ ၇ မှ

လွတ်လပ်ရေးသမိုင်းစဉ်၏ ညွှန်းဆိုပြသမှု၊ ပြည်တွင်းသောင်းကျန်းမှုကာလ သမိုင်းစဉ်များ၏ ညွှန်းဆိုပြသမှုများနှင့် ယနေ့မျက်မှောက် တာဝန်ကျေပွန်ခဲ့မှုများကို ကြည့်ရမည်ဆိုပါက တပ်မတော်သည် မျိုးချစ်စိတ်ကိုအခြေခံပြီး သန္ဓေတည်မွေးဖွားလာသည့် မျိုးချစ်တပ်မတော်တစ်ရပ်ဖြစ်ကြောင်းကို သိသာထင်ရှားစွာ တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် အမိမြန်မာနိုင်ငံတော်အတွက် ခိုင်မာအားကောင်းပြီး စွမ်းရည်သုံးရပ်နှင့် ပြည့်စုံသည့် တပ်မတော်တစ်ရပ်ဖြစ်သည်ဟူသည့် ဂုဏ်ဒြပ်တစ်ခုကိုလည်း မျက်ဝါးထင်ထင် တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

ထို့ကြောင့် ယနေ့မျက်မှောက်ခေတ်ကာလတွင် တပ်မတော်သားများ၊ တပ်မတော်သား မိသားစုဝင်များအနေဖြင့် တပ်မတော်၏ဂုဏ်ဒြပ်ကို လေးစားတန်ဖိုးထားကြရမည်ပင်ဖြစ်ကြောင်း၊ ထို့ပြင် တန်ဖိုးကြီးမားသည့် လွတ်လပ်ရေးနှင့်အတူ နိုင်ငံတော်ကာကွယ်ရေးတာဝန်၏ နက်ရှိုင်းကျယ်ပြန့်မှုကိုသိရှိပြီး ကျရာကိုယ်စီ တာဝန်များကို ရဲရဲဝံ့ဝံ့ကျေပွန်စွာ ထမ်းဆောင်သွားကြရန် လေးလေးနက်နက် တိုက်တွန်းမှာကြားလိုကြောင်း။

နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် အကောင်းဆုံးသော အာမခံချက်သည် စွမ်းရည်ထက်မြက်သည့် ကာကွယ်ရေးစွမ်းအားစုတစ်ရပ် တည်ဆောက်ပိုင်ဆိုင်ထားနိုင်ခြင်းပင်ဖြစ်ကြောင်း၊ မျက်မှောက်ခေတ် ကမ္ဘာ့နိုင်ငံအသီးသီးကိုကြည့်မည်ဆိုပါကလည်း မိမိနိုင်ငံ၏ နယ်နိမိတ်အခွန့်ရှည်တည်တံ့ ခိုင်မြဲရေးအတွက် စစ်အင်အားများ တိုးချဲ့ခြင်းနှင့် ခေတ်မီလက်နက်အသစ်အဆန်းများ စမ်းသပ်တီထွင်ထုတ်လုပ်ခြင်းများ အပြိုင်အဆိုင်ဆောင်ရွက်နေကြသည်ကို တွေ့ကြရမည်ပင်ဖြစ်ကြောင်း၊ ထို့ပြင် ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်တွင်လည်း Balance of Power ဟုခေါ်သည့် အင်အားချိန်ခွင်လျှာပျက်ယွင်းခြင်း၊ ဗိုလ်ကျစိုးမိုးခြင်း၊ အင်အားပြိုင်ဆိုင်မှု ကိစ္စရပ်များနှင့် ရုပ်သေးအစိုးရဖြစ်စေရေး ကြိုးစားမှုများများပြားလျက်ရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်ပြီး သမားရိုးကျစစ်ပွဲများ ဆင်နွှဲနိုင်ရေးနှင့် ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်တွင် အသုံးချခံမဖြစ်စေရေးအတွက် မိမိတို့နိုင်ငံ၏ တပ်မတော်ကိုလည်း တိုက်စွမ်းရည်နှင့် တိုက်စွမ်းအားရှိသည့် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော် (Standard Army)တစ်ရပ်အဖြစ် ရည်မှန်းချက်ထားတည်ဆောက်လျက် ရှိကြောင်းကို ပြောကြားလိုကြောင်း။

တပ်မတော်သည် ခေတ်အဆက်ဆက်တွင် နိုင်ငံတော်၏မူဝါဒနှင့် ဦးတည်ချက်များကို လိုက်ပါအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း၊ လက်ရှိအမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်များမှ စတုတ္ထအချက်ဖြစ်သည့် **“ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး”** လုပ်ငန်းစဉ်တွင်လည်း ယနေ့ထက်တိုင် လိုက်ပါအကောင်အထည် ဖော်ဆောင်နေလျက်ရှိသည်ကိုလည်း တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ဒီမိုကရေစီစနစ်ဖြစ်ကြောင်း၊ ဆက်လက်ပြီး ရွေးကောက်ပွဲအပိုင်း(၂)နှင့် (၃)ကို ယခုလအတွင်း ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းသည် တပ်မတော်၏ နိုင်ငံတော်နှင့် ပြည်သူလူထုအပေါ် အလေးထားမှု၊ ကတိကို ကတိအတိုင်း ဆောင်ရွက်မှု၊ သစ္စာရှိမှုကို ပြသခြင်းပင်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ရွေးကောက်ပွဲ အောင်မြင်အောင် ဆောင်ရွက်နိုင်ခြင်းသည် မိမိတို့တပ်မတော်သား အဆင့်ဆင့်၏ကျရာတာဝန်ကို ကျေပွန်ခဲ့မှုကြောင့်ဖြစ်ကြောင်း၊ ယင်းကို နိုင်ငံတော်နှင့် တပ်မတော်က အစဉ်အသိအမှတ်ပြု



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ရရှိသူတစ်ဦးအား ဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ရရှိသူတစ်ဦးအား ဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။

- ☆ **ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ဒီမိုကရေစီစနစ် ပီပြင်ခိုင်မာရန်ဆိုပါက ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့်လည်း ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ကြရမည်ဖြစ်ပြီး တပ်မတော်အနေဖြင့်လည်း ပြည်သူလူထုနှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်သွားကြရမည်**
- ☆ **ယနေ့နိုင်ငံတော်သည် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ပြည်သူလူထု၏ ဆန္ဒနှင့်အညီ လျှောက်လှမ်းနိုင်ရေး ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီးဖြစ်၊ ဆက်လက်ပြီး ရွေးကောက်ပွဲ အပိုင်း(၂)နှင့် (၃)ကို ယခုလအတွင်း ဆက်လက်ဆောင်ရွက်သွားမည်**

ပီပြင်ခိုင်မာရန်ဆိုပါက ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့်လည်း ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ကြရမည်ဖြစ်ပြီး တပ်မတော်အနေဖြင့်လည်း ပြည်သူလူထုနှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ယနေ့နိုင်ငံတော်သည် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ပြည်သူလူထု၏ ဆန္ဒနှင့်အညီ လျှောက်လှမ်းနိုင်ရေးပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ဂုဏ်ယူနေမည်ဖြစ်ကြောင်း။

အများသူငါ လုပ်ဆောင်နိုင်ရန် ခဲယဉ်းသည့်တာဝန်များကို အသက်ကိုမငဲ့ကွက်ဘဲ စွန့်လွှတ်စွန့်စားမှုအပြည့် ကျေကျေပွန်ပွန် ထမ်းဆောင်ခဲ့သူများအတွက် နှစ်စဉ် လွတ်လပ်ရေးနေ့ အခါသမယရောက်တိုင်း တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ပေးလျက်ရှိရာ ယခုအခမ်းအနားတွင် သူရဲကောင်းမှတ်တမ်းဝင် တံဆိပ်ရရှိသူ ၅၁ ဦးကို အစဉ်အလာကောင်းများနှင့်အညီ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း။

စာမျက်နှာ ၉ သို့ ✲

✲ စာမျက်နှာ ၈ မှ

ကိုယ်ကျိုးမဖက် တိုင်းပြည်နှင့်လူမျိုး အပေါ်ထားသည့် သစ္စာတရားများကြောင့် ယခုကဲ့သို့ ထိုက်တန်သည့် ဂုဏ်ပြုချီးမြှင့်ခြင်းများအပြင် တပ်မတော်မိသားစုဝင်များ၏နောင်ရေး စိတ်အေးချမ်းသာစေရေး လိုအပ်သည်များကို စီမံဆောင်ရွက်ပေးလျက်ရှိပြီး စွန့်လွှတ်စွန့်စားသည့် စစ်သည်တော်ကောင်းများဖြစ်လာစေရေး နိုင်ငံတော်၊ တပ်မတော်အနေဖြင့် ဆောင်ရွက်ပေးသင့်သည်မှန်သမျှကို ဆက်လက်စီမံဆောင်ရွက်ပေးရန် အမြဲအသင့်ရှိကြောင်းကိုအသိပေးပြောကြားလိုကြောင်း၊ ထို့ကြောင့် တပ်မတော်သားများ၊ တပ်မတော်သားမိသားစုဝင်များအနေဖြင့် တပ်မတော်၏ အစဉ်အလာကောင်းများကို ထိန်းသိမ်းစောင့်ရှောက်ရင်း တပ်မတော်၏ဂုဏ်ကို မြှင့်တင်နိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

**"လှုံ့လလည်းရှိ၊ ဉာဏ်ကဝိနှင့်၊ သတ္တိရဲရောင်၊ ပွဲကြီးအောင်သည်၊ စွမ်းဆောင်လှုံ့လ အကျိုးတည်း"**ဟူသည့် လင်္ကာအတိုင်း နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ဇွဲ၊ လုံ့လ၊ ဝီရိယ သူရသတ္တိပြောင်မြောက်စွာထမ်းဆောင်ရင်း ဆုတံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်အပ်နှင်းခြင်းခံရသူများသည် တပ်မတော်၏ အစဉ်အလာကောင်းများကို အမွန်မြတ်ဆုံး ပေးဆပ်မှုများနှင့်သက်သေပြခဲ့သူများဖြစ်သဖြင့် ပြည်သူ့သားကောင်း အာဇာနည်များအဖြစ် အမြဲအမှတ်ရ လေးစားဂုဏ်ယူနေမည်ဖြစ်ကြောင်းကို ပြောကြားလိုကြောင်း၊ ထို့အပြင် ဆုများချီးမြှင့်ခြင်း မခံရသော်လည်း နိုင်ငံတော်ကာကွယ်ရေးအတွက် ကျရာနေရာ အသီးသီးတွင် ပေးအပ်သည့်ရည်မှန်းချက် တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်နေကြသူများကိုလည်း အသိအမှတ်ပြုကြောင်းကို ပြောကြားလိုကြောင်း၊ ဆက်လက်၍လည်း အစဉ်အလာကောင်းများနှင့်အတူ နောင်လာမည့် မျိုးဆက်သစ်များကို လွတ်လပ်ရေး၏ တန်ဖိုးနှင့် အနှစ်သာရများ၊ သူရသတ္တိတို့နှင့် ပြည့်စုံခဲ့သည့် စစ်သည်တို့၏ ဂုဏ်ဒြပ်များနှင့်အတူ နိုင်ငံ့သမိုင်းဂုဏ်ရှိန်ထည်ဝါခဲ့သည့် မြန်မာတို့၏ ရာဇဝင်များကို ဆင့်ကဲမျှဝေရင်း ဇာတိသွေး၊ ဇာတိမာန် ထက်သန်သည့် မျိုးဆက်သစ်ကောင်းများ ပေါ်ထွန်းလာအောင် လက်ဆင့်ကမ်း အမွေပေးသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သူရဲကောင်းမှတ်တမ်းဝင် တံဆိပ်ရရှိသူတစ်ဦးအား ဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ဗိုလ်မှူးကြီး ခုနစ်ဦး၊ ဒုတိယဗိုလ်မှူးကြီး ခြောက်ဦး၊ ဗိုလ်မှူး ၁၄ ဦး၊ ဗိုလ်ကြီး လေးဦး၊ ဗိုလ် တစ်ဦး၊ ဒုတိယ အရာခံဗိုလ် လေးဦး၊ အုပ်ခွဲတပ်ကြပ်ကြီးတစ်ဦး၊ တပ်ကြပ်ကြီး သုံးဦး၊ တပ်ကြပ် ငါးဦး၊ ဒုတိယ တပ်ကြပ်ခြောက်ဦးတို့အား ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ရရှိခဲ့သည့် အရာရှိ၊ စစ်သည်များ၊ အမွေခံများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံ ရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ခံရသူများအား လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံပြီး ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့က တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် တပ်မတော် စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်ခံရသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ကြီးမြို့၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့် သဝဏ်လွှာ ဖတ်ကြားခြင်း အခမ်းအနား ကျင်းပ

**တောင်ကြီး ဇန်နဝါရီ ၄**

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့် သဝဏ်လွှာ ဖတ်ကြားခြင်း အခမ်းအနားကို ယနေ့နံနက် ၄ နာရီ မိနစ် ၂၀ တွင် တောင်ကြီးမြို့ရှိ အဝေရာ မီးပုံးပျံကွင်း၌ ကျင်းပရာ ရှမ်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်း၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ အလံတင်အခမ်းအနားကို ကျင်းပရာ အလံတင်တပ်ဖွဲ့က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအားတိုင်ထိပ်သို့လွှင့်ထူပေးကာ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးနှင့်တက်ရောက်လာကြသူများက နိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက် သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ စစ်ရေးပြတပ်ခွဲသည် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ တက်ရောက်လာကြသူများနှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများ၊ တပ်မတော်သားများအား အလေးပြုကာ စစ်ရေးပြတပ်ခွဲက သစ္စာအဓိဋ္ဌာန် (၄) ချက် ရွတ်ဆိုကြသည်။

ယင်းနောက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ဖတ်ကြားခဲ့ကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**



# ဥတ္တရသီရိမြို့နယ်၌ (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပ



**ဥတ္တရသီရိ ဇန်နဝါရီ ၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်၌ အခြေခံပညာဦးစီးဌာနနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ (၇၈) နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် အမှတ်(၁၂) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ဥတ္တရသီရိမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးကောင်းဆက်နိုင်က ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး (၇၈)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပခဲ့ရာ ပြိုင်ပွဲများအလိုက် ဆုရရှိသည့် ကျောင်းသားကျောင်းသူများအား မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးရဲမြတ်သိန်းနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

အလားတူ ဥတ္တရသီရိမြို့နယ် ဇလောင်းကျေးရွာအုပ်စု နန်းချွန်ကျေးရွာတွင် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်အဆင့် ရပ်ကွက်/ ကျေးရွာ အုပ်စုပေါင်းစုံ ဖိတ်ခေါ် ဘောလုံးပြိုင်ပွဲကို ကျင်းပရာ ပထဆုရရှိသော စည်သာအေးကျေးရွာအသင်းကို ငွေသားဆုနှင့်ဒိုင်းဆုကို မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲမြတ်သိန်းက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ဥတ္တရ)**

# (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စံပြမိခင်နှင့် ကလေးပြိုင်ပွဲ၊ လွတ်လပ်ရေးမောင်/မယ် ဆုချီးမြှင့်ပွဲ ကျင်းပ

**ကျောင်းကုန်း ဇန်နဝါရီ ၄**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူး၍ (၇၈)နှစ် မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စံပြမိခင်နှင့် ကလေးပြိုင်ပွဲ၊ လွတ်လပ်ရေးမောင်/ မယ် ဆုချီးမြှင့်ပွဲကို ယနေ့မွန်းလွဲပိုင်းက ခုတင်(၁၀၀) ပြည်သူ့ဆေးရုံရှိ ဒေါ်သန်းတင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြစန္ဒာညိုနှင့် မြို့နယ် ဆရာဝန်ကြီး ဒေါက်တာ အေးနိုင်တို့က ကလေးပြိုင်ပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။



အဆိုပါကလေးပြိုင်ပွဲတွင်မွေးစမှ အသက် (၆)လအောက်၊ (၆) လမှ(၁)နှစ်အောက်၊ (၁) နှစ်မှ(၂) နှစ်အောက် အဆင့်(၃)ဆင့်ဖြင့် ကျင်းပပေးပြီး၊ မွေးစမှ(၆)လ အောက် ဆုရရှိကြသူများအား မြို့နယ်ဆရာဝန်ကြီးက ဆုချီးမြှင့်ခဲ့သည်။ စံပြမိခင်ဆုရရှိသူအား မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌက ချီးမြှင့်ပြီး အမြွှာဆု၊ လွတ်လပ်ရေးမောင်နှင့် လွတ်လပ်ရေးမယ်ဆု ရရှိကြသူများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးခဲ့ကာ ကြက်ဥ၊ ပဲ၊ အိုင်အိုဒင်းဆား စသည့်အာဟာရဖြည့်စွက်စာများ၊ အမှတ်တရ လက်ဆောင်အဖြစ် စောင်တစ်ထည်စီ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ပြည်ပနိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများက ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့

နေပြည်တော် ဇန်နဝါရီ ၄

၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက်လွတ်လပ်ရေးနေ့အခါသမယအတွက် ပြည်ပနိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တို့ထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာ ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

၂၀၂၆ ခုနှစ်၊ နှစ်သစ်အခါသမယတွင် နွေးထွေးလှိုက်လှဲစွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်းနှင့် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံပြည်သူများအား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း မိမိအနေဖြင့် ပြောကြားလိုပါသည်။

မိမိတို့နှစ်နိုင်ငံအကြား အပြန်အလှန်အကျိုးဖြစ်ထွန်းစေသည့်ကဏ္ဍများ၌ နွေးထွေး၍ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို ဆက်လက်ထူထောင်ထားရှိပါသည်။ မိမိအနေဖြင့် ယခုကဲ့သို့ အလွန်တန်ဖိုးထားရသည့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မာစေရန်နှင့် ဒေသတွင်း မိတ်ဖက်နိုင်ငံများအနေဖြင့် ဒေသတွင်းငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်ရေးတို့ကို မြှင့်တင်နိုင်ရေးအတွက် မျှော်လင့်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား ငြိမ်းချမ်းသာယာတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ နီပေါနိုင်ငံသမ္မတ မစ္စတာ ရမ် ချန်ဒရာ ပေါ်ဒဲလ် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

မြန်မာနိုင်ငံ၏ (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယအတွက် မိမိအနေဖြင့် အဆွေတော်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူများထံ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ဖော်ပြအပ်ပါသည်။ မြန်မာနိုင်ငံပြည်သူများ ဆက်လက်တိုးတက်၍ သာယာဝပြောပါစေကြောင်း မိမိအနေဖြင့် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထံသို့ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး-၂ ဒါတို ဆရီ ဆတီယာ ဟာဂျီ အယ်ရီဝမ် ဘင် ပီဟင် ဒါတူ ပီကာမာ ဂျာယာ ဟာဂျီ မိုဟာမက် ယူဆွတ် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ပြည်သူများအား နွေးထွေးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း မိမိအနေဖြင့် ပြောကြားလိုပါသည်။

ဘရူနိုင်းဒါရုဆလမ်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား နှစ်ကာလရှည်ကြာနွေးထွေးပြီး ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးအား ထူထောင်ထားရှိပါသည်။ ဇန်နဝါရီလအတွင်း ဘရူနိုင်း ဒါရုဆလမ်နိုင်ငံသို့ လာရောက်ခဲ့သည့် အဆွေတော်၏ တရားဝင်ခရီးစဉ်အတွင်း မိမိတို့အနေဖြင့် နှစ်နိုင်ငံဆက်ဆံရေး၊ အထူးသဖြင့် ကုန်သွယ်ရေးနှင့် ပြည်သူအချင်းချင်းဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် အကျိုးရှိသည့် ဆွေးနွေးမှုများ ပြုလုပ်နိုင်ခဲ့ပါသည်။ ယခုကဲ့သို့ အရေးပါသည့်ဆက်ဆံရေးအား နှစ်နိုင်ငံချင်းနှင့် အာဆီယံမိသားစုဝင်နိုင်ငံများအနေဖြင့် ပိုမိုနက်ရှိုင်းခိုင်မာလာစေရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန် မျှော်လင့်ပါသည်။

သာယာဝပြောသောနှစ်သစ်ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။



# ပြည်သူ့ရင်ပြင်၌ ကျင်းပလျက်ရှိသည့် MSME ဈေးရောင်းပွဲတော်တွင် ဝယ်ယူအားပေးသူ ပြည်သူများဖြင့် အထူးစည်ကား

ရန်ကုန် ဇန်နဝါရီ ၄

ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ကျင်းပလျက်ရှိသည့် ၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် MSME ဈေးရောင်းပွဲတော် ဈေးဆိုင်ခန်းများတွင် နိုင်ငံအတွင်းရှိ ဒေသအသီးသီးမှ ထွက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာ ရောင်းချပေးလျက်ရှိရာ လာရောက်ဝယ်ယူအားပေးသူပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ဈေးရောင်းပွဲတော်တွင် ဒေသအသီးသီးမှ ထွက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာ ရောင်းချနေမှု၊ ပြည်သူများ ဝယ်ယူအားပေးနေမှုကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းသည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ကြည့်ရှုအားပေးပြီး ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ဈေးရောင်းပွဲတော်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များ၊ MSME လုပ်ငန်းရှင်များ၊ အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့ ဆိုင်ခန်းများ၊ စာအုပ်အရောင်းဆိုင်များနှင့် စားသောက်ဆိုင်ခန်းများအပါအဝင် ဆိုင်ခန်းပေါင်း ၃၅၀ ကျော် ပါဝင်ပြသရောင်းချကြသည်။

ထို့ပြင် ဂီတဖျော်ဖြေရေးမဏ္ဍပ်၌လည်း တေးသံရှင်များ၊ DJ အနုပညာရှင်များ၊ တိုင်းရင်းသားရိုးရာ အကအဖွဲ့များနှင့် မျိုးဆက်သစ်တေးသံရှင်များစွာတို့က ပွဲတော်လာ ပရိသတ်အကြိုက် မြူးကြွစွာ သီဆိုဖျော်ဖြေပေးကြသည်။

ထို့အတူ ပြည်သူများ ပွဲတော်သို့ လာရောက်ရာတွင် အဆင်ပြေချောမွေ့စေရန်အတွက် မော်တော်ယာဉ်များ ပို့ဆောင်ပြေးဆွဲပေးလျက်ရှိသည်။

ယနေ့ညပိုင်းတွင် ပွဲတော်ကျင်းပရာ ပြည်သူ့ရင်ပြင်၌ ၂၀၂၆ ခုနှစ် (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် မီးရှူးမီးပန်းများလည်း ပစ်ဖောက်ခဲ့ကြောင်း သိရသည်။

**ဇော်မင်းလတ်-MNA**

# မြစ်ကြီးနားမြို့၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၄**

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့ မြက်ခင်းပြင်၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်ဇော်ထွေး၊ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ပြည်နယ်/ခရိုင်/ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ စစ်တီးဝိုင်းအဖွဲ့နှင့် စစ်ရေးပြတပ်ခွဲများက ပြည်နယ်ဝန်ကြီးချုပ်အား အလေးပြုပြီး တက်ရောက်လာကြသူများနှင့်အတူ နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်း၊ သစ္စာအဓိဋ္ဌာန်(၄)ချက် ရွတ်ဆိုခြင်းတို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ပြည်နယ်ဝန်ကြီးချုပ်က ဖတ်ကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာနှင့် ကျပန်းစကားပြောပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား ကျင်းပ




(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဇေယျကျော်ထင် သရေစည်သူ ဦးညိုစော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားစဉ်။

**နေပြည်တော် ဇန်နဝါရီ ၄**

၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မြို့တော်ခန်းမရှေ့ရင်ပြင်၌ ကျင်းပသည်။

**အနှစ်သာရပြည့်ဝစွာ ကျင်းပ**

အခမ်းအနားကို ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး၊ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး၊ လွတ်လပ်မှုနှင့် တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝအကောင်အထည်ဖော်ရေး၊ ဒေသအလိုက် သဘာဝထွက်ကုန်များကို အခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး ဟူသည့် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်များနှင့်အညီ အနှစ်သာရ ပြည့်ဝစွာ ကျင်းပခြင်းဖြစ်သည်။

ဦးစွာ နံနက် ၄ နာရီ မိနစ် ၂၀ တွင် ၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကို ကျင်းပရာ အလံတင်တပ်စုက တိုင်းရင်းသား တိုင်းရင်းသူများ ခြံရံ၍ နိုင်ငံတော်အလံကို လွှင့်တင်သည်။

ထို့နောက် နံနက် ၆ နာရီတွင် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းများ၊ တိုင်းရင်းသား တိုင်းရင်းသူများ၊ မိဘပြည်သူများသည် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကျင်းပမည့် မြို့တော်ခန်းမရှေ့ရင်ပြင်သို့ ဝင်ရောက်နေရာယူကြသည်။

ယင်းနောက် နံနက် ၇ နာရီတွင် ၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော် အလံအလေးပြုပွဲ အခမ်းအနားကို ကျင်းပရာ တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂုဏ်ပြုတပ်ဖွဲ့က မြို့တော်ခန်းမရှေ့ ရင်ပြင်သို့ ချီတက်နေရာယူကြသည်။

ဆက်လက်၍ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဇေယျကျော်ထင် သရေစည်သူ ဦးညိုစောက အလေးပြုခံစင်မြင့်သို့ ရောက်ရှိပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဇေယျကျော်ထင် သရေစည်သူ ဦးညိုစောနှင့် အခမ်းအနားသို့ တက်ရောက် လာကြသူများသည် ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အလေးပြုကြသည်။ ယင်းနောက်ဂုဏ်ပြုတပ်ဖွဲ့က ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းအား အလေးပြု၍ သစ္စာလေးချက်ကို သံပြိုင်ရွတ်ဆိုကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဇေယျကျော်ထင် သရေစည်သူ ဦးညိုစောက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာ သရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

**ရုပ်သိမ်း**

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဇေယျကျော်ထင် သရေစည်သူ ဦးညိုစောသည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် လက်မှတ်များ ပေးအပ်ချီးမြှင့်ခြင်းအခမ်းအနားများကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်

**နေပြည်တော် ဇန်နဝါရီ ၄**

တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် လက်မှတ်များ ပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားများကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်ကြရာ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ် ချီးမြှင့်ခြင်းခံရသူများနှင့် မိဘဆွေမျိုးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးများက ဂုဏ်ပြုအမှာစကားများ အသီးသီးပြောကြားကြသည်။ ထို့နောက် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် လက်မှတ်ရရှိကြသူများအား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူးများနှင့် တာဝန်ရှိသူများက တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်များ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့်လက်မှတ် ရရှိကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ခဲ့ကြပြီး စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ စစ်ရေးပြအခမ်းအနားနှင့် ပျော်ပွဲ ရွှင်ပွဲ အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်

**နေပြည်တော် ဇန်နဝါရီ ၄**

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ စစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ အနော်ရထာခန်းမရှေ့ စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်၊ စစ်သမီးများ တက်ရောက်ကြပြီး အခမ်းအနားတွင် နိုင်ငံတော်အလံ အလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်းတို့ကို စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်က (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မိန့်ခွန်းပြောကြားသည်။

ထို့နောက် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲများကို ကျင်းပပြုလုပ်ပြီး အားကစားနည်းများအလိုက် ဆုရရှိသူများအား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စခန်းမှူးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အလားတူ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ စစ်ရေးပြအခမ်းအနားများကို တိုင်းစစ်ဌာနချုပ်များအလိုက် အသီးသီးကျင်းပပြုလုပ်ကြရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများ၊ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း/တပ်ဖွဲ့မှူးများနှင့် အရာရှိ၊ စစ်သည်များ တက်ရောက်ကြပြီး စစ်ရေးပြအစီအစဉ်အတိုင်း ကျင်းပပြုလုပ်ကြသည်။

ထို့ပြင် တိုင်းစစ်ဌာနချုပ်များအလိုက် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲများကို ကျင်းပပြုလုပ်ပြီး အားကစားပြိုင်ပွဲများအလိုက် ဆုရရှိသူများအား တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



# အကျဉ်းသား/အကျဉ်းသူများကို ပြစ်ဒဏ်၏ ခြောက်ပုံတစ်ပုံ လွတ်ငြိမ်းသက်သာခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**

အမိန့်အမှတ် ၁ / ၂၀၂၆

၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်
(၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)

**ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတသည် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့်(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်နေ့အားဖြင့် လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူမှုရေးအရ ငဲ့ညှာထောက်ထားသောအားဖြင့် လည်းကောင်း၊ နိုင်ငံတော်၏မေတ္တာနှင့်စေတနာကို နားလည်စေရန် ရေးရှုသောအားဖြင့် လည်းကောင်း ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့မတိုင်မီ လူသတ်မှု၊ မုဒိမ်းမှု၊ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများအက်ဥပဒေအရ ပြစ်မှုများ၊ မတရားအသင်းများအက်ဥပဒေအရ ပြစ်မှုများ၊ ၁၈၇၈ ခုနှစ် လက်နက်များအက်ဥပဒေပုဒ်မ ၁၉(စ)အရ ပြစ်မှုများ၊ ၁၉၄၉ ခုနှစ် လက်နက်(အရေးပေါ် ပြစ်ဒဏ်စီရင်မှု) (ယာယီ) အက်ဥပဒေအရ ပြစ်မှုများ၊ ၁၉၅၁ ခုနှစ် လက်နက်(ယာယီပြင်ဆင်ချက်) အက်ဥပဒေအရပြစ်မှုများ၊ ၁၉၂၄ ခုနှစ် ရှမ်းပြည်နယ်လက်နက်အမိန့်အရ ပြစ်မှုများ၊ ၂၀၂၃ ခုနှစ်၊ လက်နက်ဥပဒေအရ ပြစ်မှုများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေအရ ပြစ်မှုများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရ ပြစ်မှုများ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ ပြစ်မှုများနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ ပြစ်မှုများမှအပ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ ပြစ်ဒဏ်ချမှတ်ခြင်းခံရပြီး အကျဉ်းထောင်/ အချုပ်ထောင်/ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/အကျဉ်းသူများကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁) အရ ယင်းတို့ကျခံရန် ကျန်ရှိသောပြစ်ဒဏ်၏ ခြောက်ပုံတစ်ပုံကို လွတ်ငြိမ်းသက်သာခွင့်ပြုလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

# အကျဉ်းသား / အကျဉ်းသူ ၆၁၃၄ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**

အမိန့်အမှတ် ၂ / ၂၀၂၆

၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်
(၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတသည် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်နေ့အားဖြင့် လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် လည်းကောင်း အကျဉ်းထောင်/ အချုပ်ထောင်/ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/ အကျဉ်းသူ ၆၁၃၄ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ **"နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန် ကျန်ရှိသောပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသောပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

# နိုင်ငံခြားသား အကျဉ်းသား / အကျဉ်းသူ ၅၂ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**

အမိန့်အမှတ် ၃ / ၂၀၂၆

၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်
(၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတသည် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်နေ့အားဖြင့် လည်းကောင်း၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကျဉ်းထောင်/ အချုပ်ထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော နိုင်ငံခြားသား အကျဉ်းသား/ အကျဉ်းသူ ၅၂ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ **"နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသောပြစ်ဒဏ်များအပေါ် လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

# ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်နှင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်များအား ကြိုဆို

**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်**
**သတင်းထုတ်ပြန်ချက် အမှတ် (၁/၂၀၂၆)**

၁။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အနေဖြင့် အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား၊ အကျဉ်းသူများကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အမိန့်အမှတ် (၁/၂၀၂၆) ပြစ်ဒဏ်လွတ်ငြိမ်း သက်သာခွင့်အမိန့်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသောပြစ်ဒဏ်များအပေါ် ၆ ပုံ ၁ ပုံကို လွတ်ငြိမ်းသက်သာခွင့်ပြုခြင်း၊ အမိန့်အမှတ် (၂/၂၀၂၆) ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် အကျဉ်းသား/ အကျဉ်းသူ ၆၁၃၄ ဦးကို စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်း၊ အမိန့်အမှတ် (၃/၂၀၂၆) ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် နိုင်ငံခြားသား အကျဉ်းသား၊ အကျဉ်းသူ ၅၂ ဦးကို စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်ခြင်းစသည့် အမိန့်များ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ရရှိသူများနှင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ရရှိသူများ၏ သက်ဆိုင်ရာ မိသားစုဝင်များအတွက် ဝမ်းမြောက်ပီတိ ဖြစ်ရပါသည်။ နိုင်ငံတော်၏ လွတ်လပ်ရေးတန်ဖိုးကို သိရှိနားလည်လာကြပြီး တာဝန်သိသိ သစ္စာရှိရှိဖြင့် လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးနှင့် နိုင်ငံတော်မှ ဖော်ဆောင်လျက်ရှိသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် နိုင်ငံတော်တည်ဆောက်ရေးတွင် တစ်ဖက်တစ်လမ်းမှ ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ကြမည်ဖြစ်သည်ဟု မျှော်လင့်ယုံကြည်ပါသည်။

၃။ ထို့အပြင် နိုင်ငံခြားသား အကျဉ်းသား/ အကျဉ်းသူများကို ပြစ်ဒဏ်များ လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးခြင်းသည် နိုင်ငံအချင်းချင်းဆက်ဆံရေးကို အထောက်အပံ့ဖြစ်စေကာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဖြစ်ထွန်းလာစေမည်ဟု ရှုမြင်ပါသည်။

၄။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီမှ ထုတ်ပြန်သော အမိန့်များသည် လူ့အခွင့်အရေး ရှုထောင့်အရလည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုရှုထောင့်အရ လည်းကောင်း၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးရှုထောင့်အရလည်းကောင်း ကောင်းမွန်သည့်ရလဒ်များ ရရှိစေသည် ဖြစ်ရာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့် အမိန့်နှင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်များအား ကြိုဆိုပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်

# ညောင်ဦးအကျဉ်းထောင်မှ ပြစ်ဒဏ်ကျခံနေရသူ ၁၉ ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

ညောင်ဦး ဇန်နဝါရီ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတသည် ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သည့် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်နေ့အားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်း စာနာထောက်ထားမှုကို အလေးထားသောအားဖြင့် လည်းကောင်း ညောင်ဦးအကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား အကျဉ်းသူများ အနက်မှ ၁၉ ဦးကို ရာဇသတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁ ပုဒ်မခွဲ (၁)အရ နောက်တစ်ကြိမ် ထပ်မံပြစ်မှုကျူးလွန်ပါက ၎င်းပြစ်မှုအပြင် ယခုကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည် ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ်လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်ကြောင်း သိရသည်။

ဦးစွာ ညောင်ဦးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အေးမင်းစိုးက ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူများအား ဆုံးမစကားပြောကြားပြီး ညောင်ဦးအကျဉ်းထောင် တာဝန်ခံအရာရှိက ထောင်လွတ်လက်မှတ်နှင့် စားစရိတ်၊ ခရီးစရိတ်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဒီပါလင်း**

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

ကြေညာချက်အမှတ် (၆ /၂၀၂၆)

၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်
( ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် )

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင်စတင်၍ အပိုင်းလိုက်ကျင်းပသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများက ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉(ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ၏ လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| | **ရှမ်းပြည်နယ်** | | | |
| (၁) | ဦးဝင်းဇော် | ၁၃/ပတယ(နိုင်)၀၃၆၅၂၇ | ပင်းတယ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂) | ခွန်ကောင်းချစ်ထွန်း | ၁၃/ဟပန(နိုင်)၀၈၅၁၁၁ | ဟိုပုံး | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီ |
| (၃) | ဦးကျော်မြင့်နိုင် | ၁၃/နခတ(နိုင်)၀၆၇၂၃၃ | နောင်ချို | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄) | ဦးသန်းထွန်းဦး | ၇/သကန(နိုင်)၁၀၁၄၇၈ | ကျိုင်းတုံ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅) | ဦးကျော်ငြိမ်းအောင် | ၁၃/တခလ(နိုင်)၀၇၄၈၂၉ | တာချီလိတ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၆) | နန်းကျင်း(ခ)နန်းစိန် | ၁၃/တကန(နိုင်)၂၁၈၀၉၄ | တောင်ကြီး | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီ |
| (၇) | ဦးဌေးလွင်(ခ)ဦးဒီလုံး | ၁၃/နစန(နိုင်)၀၀၀၁၀၅ | နမ့်စန် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၈) | ဦးအောင်ဇော်မိုး(ခ) အောင်ဇော်မိုးထွန်း | ၁၂/ရကန(နိုင်)၀၂၁၄၂၀ | မူဆယ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၉) | စိုင်းမိုးဇော်ဦး | ၁၃/မဆန(နိုင်)၀၁၀၃၄၉ | မိုင်းဆတ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၀) | ဒေါက်တာမျိုးထွန်း | ၁၃/ကလတ(နိုင်)၀၀၃၄၀၁ | လားရှိုး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၁) | စိုင်းထွန်းစံ(ခ) စိုင်းဆေဟန် | ၁၃/လခတ(နိုင်)၀၁၆၇၀၈ | လင်းခေး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) |
| (၁၂) | ဦးခွန်အောင်ဆန်း | ၁၃/တကန(နိုင်)၁၃၆၉၆၅ | လွိုင်လင် | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီ |
| | **ဧရာဝတီတိုင်းဒေသကြီး** | | | |
| (၁၃) | ဦးဇော်မင်း | ၁၄/ကပန(နိုင်)၀၀၃၄၁၄ | ကျုံပျော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၄) | ဦးသန်းထွန်း | ၁၄/ပသန(နိုင်)၁၅၂၂၉၇ | ပုသိမ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၅) | ဦးကံမြင့်သန်း | ၁၄/ဖပန(နိုင်)၁၃၇၄၁၆ | မအူပင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၆) | ဒေါ်မြင့်စန္ဒာအောင် | ၁၄/မမန(နိုင်)၁၇၀၂၄၆ | မြောင်းမြ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၇) | ဦးနိုင်မင်းဦး | ၁၄/ကခန(နိုင်)၀၇၄၀၄၃ | ကြံခင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ |
| (၁၈) | ဦးအောင်ဝင်းဆွေ | ၁၄/မအန(နိုင်)၀၀၂၄၃၇ | မြန်အောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၉) | ဦးဝင်းဆွေ(ခ) ဦးဝင်းရွှေ | ၁၄/လပတ(နိုင်)၀၁၃၇၅၁ | လပွတ္တာ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၀) | ဦးဌေးဝင်း | ၁၄/ဟသတ(နိုင်)၀၆၇၈၃၅ | ဟင်္သာတ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | ခိုင်လုံမဲ စုစုပေါင်း | ခိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ရှမ်းပြည်နယ် | | | | | | |
| ၁ | ပင်းတယမြို့နယ် | | | ၄၄၁၆၆ | ၂၉၅၆ | ၄၇၁၂၂ | |
| | | ဦးဝင်းဇော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၀၇၁၅ | ၁၆၉၇ | ၂၂၄၁၂ | ၄၇.၅၆% |
| | | ဒေါ်နွဲ့ထူး | ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ | ၁၈၇၅၆ | ၁၁၁၁ | ၁၉၈၆၇ | ၄၂.၁၆% |
| | | ဒေါ်တင်တင်နွယ် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၆၉၅ | ၁၄၈ | ၄၈၄၃ | ၁၀.၂၈% |
| ၂ | ဟိုပုံးမြို့နယ် | | | ၄၂၁၁၆ | ၄၃၁၄ | ၄၆၄၃၀ | |
| | | ခွန်ကောင်းချစ်ထွန်း | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၃၂၉၀၀ | ၁၅၁၀ | ၃၄၄၁၀ | ၇၄.၁၁% |
| | | ဒေါ်နန်းတင်မျိုးအေး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၃၇၀ | ၂၆၁၁ | ၈၉၈၁ | ၁၉.၃၄% |
| | | ဒေါ်ဇင်လွဲလွဲ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၈၄၆ | ၁၉၃ | ၃၀၃၉ | ၆.၅၅% |
| ၃ | နောင်ချိုမြို့နယ် | | | ၄၃၂၁၈ | ၅၄၁၄ | ၄၈၆၃၂ | |
| | | ဦးကျော်မြင့်နိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၇၉၀၄ | ၄၂၀၀ | ၂၂၁၀၄ | ၄၅.၄၅% |
| | | ဦးဝင်းဦး | ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ | ၉၇၄၁ | ၄၂၂ | ၁၀၁၆၃ | ၂၀.၉၀% |
| | | ဒေါ်စောယု | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၅၃၀၆ | ၃၁၄ | ၅၆၂၀ | ၁၁.၅၆% |
| | | ဦးစိုးသန်း | ပြည်သူ့ပါတီ | ၄၆၈၀ | ၂၂၅ | ၄၉၀၅ | ၁၀.၀၉% |
| | | ဦးစိုင်းဖူးအောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၉၂၁ | ၁၇၁ | ၄၀၉၂ | ၈.၄၁% |
| | | ဦးဇာနည်အေး(ခ)ညွန့်တင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၆၆၆ | ၈၂ | ၁၇၄၈ | ၃.၅၉% |
| ၄ | ကျိုင်းတုံမြို့နယ် | | | ၄၃၈၆၉ | ၉၉၃၈ | ၅၃၈၀၇ | |
| | | ဦးသန်းထွန်းဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၅၀၄၅ | ၈၃၆၉ | ၃၃၄၁၄ | ၆၂.၁၀% |
| | | စိုင်းရွက်(ခ) ဒေါက်တာစိုင်းရွက်ဟောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၉၁၁၆ | ၇၆၂ | ၉၈၇၈ | ၁၈.၃၆% |
| | | နန်းလှလှဥမ္မာကျော် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၂၉၂ | ၃၆၂ | ၄၆၅၄ | ၈.၆၅% |
| | | ဦးသိန်းကျော်ခိုင် | ပြည်သူ့ပါတီ | ၃၃၁၉ | ၁၆၇ | ၃၄၈၆ | ၆.၄၈% |
| | | ဒေါ်သန္တာလွင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၀၉၇ | ၂၇၈ | ၂၃၇၅ | ၄.၄၁% |

(ဆက်လက်ဖော်ပြပါမည်)

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)
# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ

(ယမန်နေ့မှ အဆက်)

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၃၁ | မင်းဘူးမြို့နယ် | | | ၆၆၈၂၉ | ၄၆၇၂ | ၇၁၅၀၁ | |
| | | ဦးခင်မောင်ရီ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၂၀၀၆ | ၃၄၂၁ | ၃၅၄၂၇ | ၄၉.၅၅% |
| | | ဦးဖြိုးဝင်းလတ် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၁၆၈၁ | ၄၇၇ | ၁၂၁၅၈ | ၁၇.၀၀% |
| | | ဦးဇော်မင်းအောင် | ပြည်သူ့ပါတီ | ၈၅၆၃ | ၂၈၂ | ၈၈၄၅ | ၁၂.၃၇% |
| | | ဒေါ်ခင်ချောဖြူ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၈၉၁ | ၁၀၆ | ၅၉၉၇ | ၈.၃၉% |
| | | ဦးဘုန်းမြတ်မင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၄၈၁ | ၂၁၂ | ၄၆၉၃ | ၆.၅၆% |
| | | ဦးဖြိုးကိုကိုအောင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၂၀၇ | ၁၇၄ | ၄၃၈၁ | ၆.၁၃% |
| ၃၂ | သရက်မြို့နယ် | | | ၂၂၈၂၇ | ၂၇၃၄ | ၂၅၅၆၁ | |
| | | ဦးနိုင်ဦးကျော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၈၈၃၀ | ၁၉၉၁ | ၁၀၈၂၁ | ၄၂.၃၃% |
| | | ဦးသန်းဌေး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၅၅၃၄ | ၃၄၀ | ၅၈၇၄ | ၂၂.၉၈% |
| | | ဦးသက်လွင် | ပြည်သူ့ပါတီ | ၅၆၄၁ | ၂၄၃ | ၅၆၈၄ | ၂၂.၂၄% |
| | | ဒေါ်တင်တင်လှိုင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၀၂၂ | ၁၆၀ | ၃၁၈၂ | ၁၂.၄၅% |
| ၃၃ | အောင်လံမြို့နယ် | | | ၆၃၈၀၆ | ၄၈၈၃ | ၆၈၆၈၉ | |
| | | ဦးတင်အောင်ချစ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၀၀၆၈ | ၄၀၄၀ | ၃၄၁၀၈ | ၄၉.၆၆% |
| | | ဦးထွန်းညီဝင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၃၂၄၆ | ၃၇၇ | ၁၃၆၂၃ | ၁၉.၈၃% |
| | | ဦးကျော်မင်းထွန်း | ပြည်သူ့ပါတီ | ၁၂၄၁၉ | ၂၆၂ | ၁၂၆၈၁ | ၁၈.၄၆% |
| | | ဦးလင်းအောင်သူ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၈၀၇၃ | ၂၀၄ | ၈၂၇၇ | ၁၂.၀၅% |
| | မန္တလေးတိုင်းဒေသကြီး | | | | | | |
| ၃၄ | ကျောက်ဆည်မြို့နယ် | | | ၁၃၀၃၅၅ | ၅၃၂၆ | ၁၃၅၆၈၁ | |
| | | ဦးအောင်မြင့်သန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၁၈၇၂ | ၄၃၀၇ | ၆၆၁၇၉ | ၄၈.၇၈% |
| | | ဦးမောင်မောင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၀၄၀၀ | ၃၂၄ | ၂၀၇၂၄ | ၁၅.၂၇% |
| | | ဦးဉာဏ်မင်းသိန်း | ပြည်သူ့ပါတီ | ၁၄၅၉၁ | ၁၉၇ | ၁၄၇၈၈ | ၁၀.၉၀% |
| | | ဦးဆောင်းကိုကိုလွင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၁၉၃၂ | ၁၂၇ | ၁၂၀၅၉ | ၈.၈၉% |
| | | ဦးမျိုးဝေ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၁၅၇၅ | ၂၂၀ | ၁၁၇၉၅ | ၈.၆၉% |
| | | ဦးအောင်စိုးမိုး | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၉၉၈၅ | ၁၅၁ | ၁၀၁၃၆ | ၇.၄၇% |
| ၃၅ | ညောင်ဦးမြို့နယ် | | | ၅၃၃၇၆ | ၂၇၆၀ | ၅၆၁၃၆ | |
| | | ဦးသိန်းပို | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၆၆၀၂ | ၁၈၆၉ | ၁၈၄၇၁ | ၃၂.၉၀% |
| | | ဦးသန်းမြင့် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၁၆၆၈ | ၃၉၀ | ၁၂၀၅၈ | ၂၁.၄၈% |
| | | ဒေါ်မျိုးမမကျော် | ပြည်သူ့ပါတီ | ၁၁၁၄၄ | ၁၈၈ | ၁၁၃၃၂ | ၂၀.၁၉% |
| | | ဦးလှခိုင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၄၂၄ | ၁၉၉ | ၇၆၂၃ | ၁၃.၅၈% |
| | | ဒေါ်ဥမ္မာ | လူမှုစီးပွားမြှင့်တင်ရေးပါတီ | ၆၅၃၈ | ၁၁၄ | ၆၆၅၂ | ၁၁.၈၅% |
| ၃၆ | ပြင်ဦးလွင်မြို့နယ် | | | ၁၀၈၄၄၄ | ၁၂၄၁၅ | ၁၂၀၈၅၉ | |
| | | ဦးမြထွန်းဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၆၀၂၃ | ၁၀၃၂၀ | ၆၆၃၄၃ | ၅၄.၈၉% |
| | | ဦးဝင်းမြင့် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၃၇၇၈ | ၆၂၃ | ၁၄၄၀၁ | ၁၁.၉၂% |
| | | ဦးအေးချမ်းကျော် | ပြည်သူ့ပါတီ | ၁၁၄၉၆ | ၃၁၀ | ၁၁၈၀၆ | ၉.၇၇% |
| | | ဦးမိုးဝေယံဦး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၁၃၀၅ | ၃၈၂ | ၁၁၆၈၇ | ၉.၆၇% |
| | | ဒေါ်ယဉ်ယဉ်နွဲ့ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၉၃၄၅ | ၄၆၂ | ၉၈၀၇ | ၈.၁၁% |
| | | ဦးမြင့်သူ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆၄၉၇ | ၃၁၈ | ၆၈၁၅ | ၅.၆၄% |
| ၃၇ | ချမ်းအေးသာစံမြို့နယ် | | | ၆၀၉၄၃ | ၄၇၉၂ | ၆၅၇၃၅ | |
| | | ဒေါ်မြင့်မြင့်ဌေး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၈၁၃၉ | ၃၀၂၀ | ၂၁၁၅၉ | ၃၂.၁၉% |
| | | ဒေါ်နော်ဝင်းပပဦး | ပြည်သူ့ပါတီ | ၁၀၉၁၂ | ၃၄၅ | ၁၁၂၅၇ | ၁၇.၁၂% |
| | | ဦးသိန်းဆွေ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၈၂၁၁ | ၄၁၃ | ၈၆၂၄ | ၁၃.၁၂% |
| | | ဦးအောင်ကျော်မိုး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၅၂၇ | ၃၂၀ | ၇၈၄၇ | ၁၁.၉၄% |
| | | ဦးဖြိုးဟေမာန် | တစ်သီးပုဂ္ဂလ | ၆၉၇၇ | ၂၇၉ | ၇၂၅၆ | ၁၁.၀၄% |
| | | ဦးဝင်းဇော်ထွန်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၈၄၂ | ၂၀၈ | ၅၀၅၀ | ၇.၆၈% |
| | | ဦးမျိုးသော်ကို | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၃၃၅ | ၂၀၇ | ၄၅၄၂ | ၆.၉၁% |
| ၃၈ | မိတ္ထီလာမြို့နယ် | | | ၁၂၇၈၂၇ | ၁၀၇၃၃ | ၁၃၈၅၆၀ | |
| | | ဒေါက်တာမောင်သင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၈၅၂၈ | ၉၃၁၃ | ၇၇၈၄၁ | ၅၆.၁၈% |
| | | ဦးအောင်ကျော်မြင့် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၆၀၅၈ | ၃၇၀ | ၁၆၄၂၈ | ၁၁.၈၆% |
| | | ဦးဌေးမောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၃၃၃၁ | ၃၆၃ | ၁၃၆၉၄ | ၉.၈၈% |
| | | ဦးအေးမင်းခန့် | ပြည်သူ့ပါတီ | ၁၁၇၉၅ | ၂၇၂ | ၁၂၀၆၇ | ၈.၇၁% |
| | | ဦးအောင်မြင့် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၀၀၇၉ | ၂၄၃ | ၁၀၃၂၂ | ၇.၄၅% |
| | | ဦးဥက္ကာကျော် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၈၀၃၆ | ၁၇၂ | ၈၂၀၈ | ၅.၉၂% |

စာမျက်နှာ ၁၅ သို့ »»

»» စာမျက်နှာ ၁၄ မှ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၃၉ | ပျော်ဘွယ်မြို့နယ် | | | ၁၁၃၉၀၁ | ၁၀၀၇၄ | ၁၂၃၉၇၅ | |
| | | ဦးသောင်းအေး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၇၆၉၁ | ၇၇၆၂ | ၆၅၄၅၃ | ၅၂.၇၉% |
| | | ဦးထွန်းအောင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၆၄၀၁ | ၇၅၈ | ၁၇၁၅၉ | ၁၃.၈၄% |
| | | ဦးကျော်ဝင်းလှိုင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၃၁၉၅ | ၅၈၀ | ၁၃၇၇၅ | ၁၁.၁၁% |
| | | ဦးငြိမ်းလှိုင်ဦး | ပြည်သူ့ပါတီ | ၁၁၄၇၃ | ၃၇၆ | ၁၁၈၄၉ | ၉.၅၆% |
| | | ဦးထွန်းကျော် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၈၄၀၇ | ၃၉၅ | ၈၈၀၂ | ၇.၁၀% |
| | | ဒေါ်သူဇာဌေး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၆၇၃၄ | ၂၀၃ | ၆၉၃၇ | ၅.၆၀% |
| ၄၀ | ရမည်းသင်းမြို့နယ် | | | ၁၀၅၉၁၂ | ၈၅၉၉ | ၁၁၄၅၁၁ | |
| | | ဦးညွန့်ဆောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၆၁၉၅ | ၅၇၄၁ | ၅၁၉၃၆ | ၄၅.၃၅% |
| | | ဦးစိုးလွင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၈၂၅၉ | ၁၀၄၆ | ၁၉၃၀၅ | ၁၆.၈၆% |
| | | ဦးရန်နိုင်ဝင်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၄၉၄၃ | ၇၂၇ | ၁၅၆၇၀ | ၁၃.၆၈% |
| | | ဦးညာဏ်ဝင်း | ပြည်သူ့ပါတီ | ၉၅၅၇ | ၃၉၉ | ၉၉၅၆ | ၈.၆၉% |
| | | ဦးကျော်မင်းအောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၆၆၆၅ | ၁၇၈ | ၆၈၄၃ | ၅.၉၈% |
| | | ဦးဇော်မင်းထိုက် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၈၈၈ | ၃၀၃ | ၆၁၉၁ | ၅.၄၁% |
| | | ဦးဇော်ဝင်း | လူမှုစီးပွားမြင့်တင်ရေးပါတီ | ၄၄၀၅ | ၂၀၅ | ၄၆၁၀ | ၄.၀၃% |
| ၄၁ | အောင်မြေသာစံမြို့နယ် | | | ၇၈၅၈၂ | ၆၄၇၂ | ၈၅၀၅၄ | |
| | | ဦးတေဇကျော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၈၁၉၃ | ၅၂၉၈ | ၃၃၄၉၁ | ၃၉.၃၈% |
| | | ဦးကျော်ကျော်ဝင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၄၀၁၈ | ၃၅၇ | ၁၄၃၇၅ | ၁၆.၉၀% |
| | | ဒေါ်သင်းသင်းအောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၉၅၈၅ | ၂၉၃ | ၉၈၇၈ | ၁၁.၆၁% |
| | | ဦးရန်နိုင်ဝင်း | ပြည်သူ့ပါတီ | ၈၄၈၃ | ၁၆၅ | ၈၆၄၈ | ၁၀.၁၇% |
| | | ဒေါ်ဝတ်ရည်ထူး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၇၀၄၅ | ၁၅၇ | ၇၂၀၂ | ၈.၄၇% |
| | | ဦးသော်ထက် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆၆၁၂ | ၁၂၅ | ၆၇၃၇ | ၇.၉၂% |
| | | ဦးညီညီမြင့် | ဒီမိုကရက်တစ်အင်အားစုလေဘာပါတီ | ၄၆၄၆ | ၇၇ | ၄၇၂၃ | ၅.၅၅% |
| | ရခိုင်ပြည်နယ် | | | | | | |
| ၄၂ | ကျောက်ဖြူမြို့နယ် | | | ၉၅၅၆ | ၃၄၆၉ | ၁၃၀၂၅ | |
| | | ဦးသန်းအေး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၃၃၁ | ၃၀၂၄ | ၆၃၅၅ | ၄၈.၇၉% |
| | | ဦးဘသိန်းရင် | ရခိုင်ဦးဆောင်ပါတီ | ၄၁၀၀ | ၂၆၄ | ၄၃၆၄ | ၃၃.၅၀% |
| | | ဦးသန်းလှိုင်ထူး | ရခိုင်တိုင်းရင်းသားများပါတီ | ၂၁၂၅ | ၁၈၁ | ၂၃၀၆ | ၁၇.၇၁% |
| ၄၃ | စစ်တွေမြို့နယ် | | | ၃၀၉၄၀ | ၈၉၄၄ | ၃၉၈၈၄ | |
| | | ဦးစန်းငွေ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၅၉၇၈ | ၈၁၆၂ | ၂၄၁၄၀ | ၆၀.၅၃% |
| | | ဦးသာအေး | ရခိုင်ဦးဆောင်ပါတီ | ၆၆၁၂ | ၅၀၆ | ၇၁၁၈ | ၁၇.၈၅% |
| | | ဒေါ်သန်းသန်းအေး (ခ) ဒေါ်သက်နှင်းနွယ် | ရခိုင်တိုင်းရင်းသားများပါတီ | ၄၃၄၄ | ၁၇၀ | ၄၅၁၄ | ၁၁.၃၁% |
| | | ဦးကျော်ဆန်းဦး | ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၂၅၀ | ၃၉ | ၂၂၈၉ | ၅.၇၄% |
| | | ဒေါ်ခင်မော်လီဇော် | ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ | ၁၂၂၄ | ၄၄ | ၁၂၆၈ | ၃.၁၈% |
| | | ဦးဝင်းလှိုင် | မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ | ၅၃၂ | ၂၃ | ၅၅၅ | ၁.၃၉% |
| ၄၄ | မာန်အောင်မြို့နယ် | | | ၃၀၁၃၃ | ၂၆၂၂ | ၃၂၇၅၅ | |
| | | ဦးကျော်သန်း | ရခိုင်တိုင်းရင်းသားများပါတီ | ၁၁၃၄၄ | ၇၃၇ | ၁၂၀၈၁ | ၃၆.၈၈% |
| | | ဒေါ်မြခွာညို | ရခိုင်ဦးဆောင်ပါတီ | ၁၀၄၀၅ | ၆၈၀ | ၁၁၀၈၅ | ၃၃.၈၅% |
| | | ဦးမောင်ကြည် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၈၃၈၄ | ၁၂၀၅ | ၉၅၈၉ | ၂၉.၂၇% |
| | ရန်ကုန်တိုင်းဒေသကြီး | | | | | | |
| ၄၅ | ကမာရွတ်မြို့နယ် | | | ၁၂၈၄၃ | ၉၁၃ | ၁၃၇၅၆ | |
| | | ဦးကိုကိုသင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၉၁၁ | ၆၄၀ | ၅၅၅၁ | ၄၀.၃၅% |
| | | ဦးဝင်းမြင့် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၉၆၇ | ၆၂ | ၂၀၂၉ | ၁၄.၇၅% |
| | | ဒေါ်စန်းစန်းဝေ | ပြည်သူ့ပါတီ | ၁၇၃၆ | ၇၁ | ၁၈၀၇ | ၁၃.၁၄% |
| | | ဦးဘုန်းမြင့် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၇၀၄ | ၈၁ | ၁၇၈၅ | ၁၂.၉၈% |
| | | ဦးဝင်းမြင့် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၅၄၉ | ၃၈ | ၁၅၈၇ | ၁၁.၅၃% |
| | | ဦးလှစိုး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၉၇၆ | ၂၁ | ၉၉၇ | ၇.၂၅% |
| ၄၆ | ကျောက်တံတားမြို့နယ် | | | ၆၄၀၅ | ၇၃၅ | ၇၁၄၀ | |
| | | ဦးမျိုးသိန်း(ခ)ဦးမြသိန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၉၅၁ | ၅၇၂ | ၃၅၂၃ | ၄၉.၃၄% |
| | | ဒေါ်စင်သီမာ | ပြည်သူ့ပါတီ | ၇၇၄ | ၄၇ | ၈၂၁ | ၁၁.၅၀% |
| | | ဦးဇေယျ | တစ်သီးပုဂ္ဂလ | ၆၈၅ | ၃၀ | ၇၁၅ | ၁၀.၀၁% |
| | | ဦးဝေဖြိုးကျော် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၆၄၁ | ၄၀ | ၆၈၁ | ၉.၅၄% |
| | | ဦးကျော်နေဝင်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၃၇ | ၁၄ | ၅၅၁ | ၇.၇၂% |
| | | ဦးဝင်းမောင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၆၃ | ၂၂ | ၄၈၅ | ၆.၇၉% |
| | | ဦးနိုင်ဝင်း | တစ်သီးပုဂ္ဂလ | ၃၅၄ | ၁၀ | ၃၆၄ | ၅.၁၀% |

စာမျက်နှာ ၁၆ သို့ »»

»»» စာမျက်နှာ ၁၅ မှ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၄၇ | တိုက်ကြီးမြို့နယ် | | | ၁၁၆၄၀၀ | ၁၆၇၂၂ | ၁၃၃၁၂၂ | |
| | | ဦးခင်မောင်မြင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၇၂၇၈ | ၁၁၉၁၂ | ၄၉၁၉၀ | ၃၆.၉၅% |
| | | ဦးတင်ထွန်းအောင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၄၇၆၈ | ၁၅၀၆ | ၁၆၂၇၄ | ၁၂.၂၃% |
| | | ဦးဘစိုး | ပြည်သူ့ပါတီ | ၁၀၉၁၅ | ၆၂၈ | ၁၁၅၄၃ | ၈.၆၇% |
| | | ဦးကျော်ကျော်ဟန် | အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ | ၉၃၇၄ | ၃၆၁ | ၉၇၃၅ | ၇.၃၁% |
| | | ဦးပိုင်မင်းဦး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၇၉၇၂ | ၄၃၁ | ၈၄၀၃ | ၆.၃၁% |
| | | ဦးအောင်ကျော်သက် | မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ | ၇၁၉၃ | ၁၈၄ | ၇၃၇၇ | ၅.၅၄% |
| | | ဦးမောင်မောင်မြင့်(ခ)<br>ဦးအာရုဏ် | ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆၇၂၃ | ၄၇၄ | ၇၁၉၇ | ၅.၄၁% |
| | | ဦးသန်းနိုင်စိုး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၉၇၅ | ၃၈၂ | ၆၃၅၇ | ၄.၇၈% |
| | | ဦးခင်မောင်အေး | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၅၆၀၀ | ၄၄၇ | ၆၀၄၇ | ၄.၅၄% |
| | | ဦးကျော်သူရ | ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ | ၅၃၆၀ | ၂၆၉ | ၅၆၂၉ | ၄.၂၃% |
| | | ဦးရဲမင်းဦး | ဒီမိုကရက်တစ်ပါတီ | ၅၂၄၂ | ၁၂၈ | ၅၃၇၀ | ၄.၀၃% |
| ၄၈ | တွံတေးမြို့နယ် | | | ၁၀၉၆၅၈ | ၅၀၁၁ | ၁၁၄၆၆၉ | |
| | | ဦးဝင်းမြင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၁၉၈၂ | ၃၄၄၆ | ၄၅၄၃၈ | ၃၉.၆၃% |
| | | ဒေါ်ခင်မာလာထွန်း | စစမျိုးဆက်ကျောင်းသားလူငယ်များ<br>(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | ၂၈၁၅၉ | ၅၇၄ | ၂၈၇၃၃ | ၂၅.၀၆% |
| | | ဦးသာဆိုင် | တစ်သီးပုဂ္ဂလ | ၈၄၈၀ | ၁၇၃ | ၈၆၅၃ | ၇.၅၅% |
| | | ဦးအောင်အောင်ကို | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၉၉၇ | ၂၅၂ | ၈၂၄၉ | ၇.၁၉% |
| | | ဦးအောင်စိုးဝင်း | ပြည်သူ့ပါတီ | ၆၅၅၀ | ၁၀၇ | ၆၆၅၇ | ၅.၈၀% |
| | | ဦးအေးကို | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆၂၂၂ | ၂၆၄ | ၆၄၈၆ | ၅.၆၆% |
| | | ဒေါ်အေးကြူသင်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၁၆၄ | ၈၀ | ၅၂၄၄ | ၄.၅၇% |
| | | နန့်သင်းသင်းထွေး | ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ | ၅၀၉၄ | ၁၁၅ | ၅၂၀၉ | ၄.၅၄% |
| ၄၉ | ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် | | | ၈၁၁၆၈ | ၂၃၃၀ | ၈၃၄၉၈ | |
| | | ဒေါ်စမ်းစမ်းငွေး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၇၇၉၁ | ၁၇၁၁ | ၂၉၅၀၂ | ၃၅.၃၃% |
| | | ဦးကျော်သူ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၁၃၈၃ | ၁၆၀ | ၁၁၅၄၃ | ၁၃.၈၂% |
| | | ဦးအေးဆက် | ပြည်သူ့ပါတီ | ၉၆၀၃ | ၉၃ | ၉၆၉၆ | ၁၁.၆၁% |
| | | ဒေါ်နှင်းယုစိုး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၆၀၈ | ၁၀၃ | ၆၇၁၁ | ၈.၀၄% |
| | | ဦးတင်ဆွေ | ဒီမိုကရက်တစ်ပါတီ | ၅၂၁၂ | ၃၅ | ၅၂၄၇ | ၆.၂၈% |
| | | ဦးစောလှိုင် | တစ်သီးပုဂ္ဂလ | ၅၀၃၈ | ၇၀ | ၅၁၀၈ | ၆.၁၂% |
| | | ဒေါ်ငြိမ်းငြိမ်းဦး | ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ | ၄၀၁၄ | ၃၈ | ၄၀၅၂ | ၄.၈၅% |
| | | ဦးနေဝင်းထွန်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၉၂၇ | ၅၈ | ၃၉၈၅ | ၄.၇၈% |
| | | ဦးဝင်းဇော်ထွန်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၈၆၄ | ၃၂ | ၃၈၉၆ | ၄.၆၇% |
| | | ဦးသန်းဇော်ထွေး | ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၇၂၈ | ၃၀ | ၃၇၅၈ | ၄.၅၀% |
| ၅၀ | ဗိုလ်တထောင်မြို့နယ် | | | ၁၂၀၅၃ | ၃၀၁၂ | ၁၅၀၆၅ | |
| | | ဦးညဏ်ဝင်းထိုက် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၈၁၉ | ၂၈၅၆ | ၈၆၇၅ | ၅၇.၅၈% |
| | | ဦးအောင်ဆန်းလွင် | ပြည်သူ့ပါတီ | ၂၄၁၇ | ၅၈ | ၂၄၇၅ | ၁၆.၄၃% |
| | | ဒေါ်ထက်ထက်စိုးဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၉၃၄ | ၅၈ | ၁၉၉၂ | ၁၃.၂၂% |
| | | ဦးသန်းနိုင်စိုး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၈၈၃ | ၄၀ | ၁၉၂၃ | ၁၂.၇၇% |
| ၅၁ | မရမ်းကုန်းမြို့နယ် | | | ၄၀၀၁၅ | ၂၉၅၉ | ၄၂၉၇၄ | |
| | | ဒေါက်တာသက်ခိုင်ဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၆၈၈၃ | ၂၅၀၄ | ၁၉၃၈၇ | ၄၅.၁၁% |
| | | ဒေါက်တာခင်ခင်ကျော့ | တစ်သီးပုဂ္ဂလ | ၆၂၁၆ | ၁၃၁ | ၆၃၄၇ | ၁၄.၇၇% |
| | | ဒေါ်မေသူဝင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၂၁၄ | ၇၈ | ၄၂၉၂ | ၉.၉၉% |
| | | ဒေါ်နန်းလဲ့လဲ့မျိုး | ပြည်သူ့ပါတီ | ၃၇၃၆ | ၆၀ | ၃၇၉၆ | ၈.၈၃% |
| | | ဦးအေးကိုကို | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၁၅၂ | ၈၄ | ၃၂၃၆ | ၇.၅၃% |
| | | ဦးဇော်ထွန်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၂၅၆ | ၅၂ | ၂၃၀၈ | ၅.၃၇% |
| | | စောဝေယံကျော် | ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ | ၁၈၈၈ | ၂၁ | ၁၉၀၉ | ၄.၄၄% |
| | | ဒေါ်မြင့်မြင့်ငွေး | ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီ | ၁၆၇၀ | ၂၉ | ၁၆၉၉ | ၃.၉၆% |
| ၅၂ | မင်္ဂလာဒုံမြို့နယ် | | | ၉၂၈၂၃ | ၁၁၇၄၈ | ၁၀၄၅၇၁ | |
| | | ဦးခင်မောင်ဆင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၄၁၀၇ | ၁၀၂၃၉ | ၅၄၃၄၆ | ၅၁.၉၇% |
| | | ဒေါ်ကေဇာဝင်း | ပြည်သူ့ပါတီ | ၁၀၉၃၇ | ၂၇၈ | ၁၁၂၁၅ | ၁၀.၇၃% |
| | | ဒေါ်ခင်ခင်ထား | ပြည်သူ့ရှေ့ဆောင်ပါတီ | ၉၈၆၃ | ၃၉၇ | ၁၀၂၆၀ | ၉.၈၁% |
| | | ဦးဟိန်းထက်ကျော် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၇၅၂၉ | ၂၇၂ | ၇၈၀၁ | ၇.၄၆% |
| | | ဦးဇော်ဇော် | အမျိုးသားဒီမိုကရေစီပါတီသစ်ပါတီ | ၆၄၈၀ | ၁၈၅ | ၆၆၆၅ | ၆.၃၇% |
| | | ဦးနိုင်သူလတ် | တစ်သီးပုဂ္ဂလ | ၄၈၆၃ | ၁၁၈ | ၄၉၈၁ | ၄.၇၆% |
| | | ဦးလှသော် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၇၀၃ | ၁၂၆ | ၃၈၂၉ | ၃.၆၆% |
| | | ဦးဝေလင်းဖြိုးသော် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၃၇၃ | ၈၂ | ၃၄၅၅ | ၃.၃၁% |
| | | ဦးမျိုးမင်းထွန်း(ခ)<br>ဦးပါစီပြည်ဟိန်း | လူထုပါတီ | ၁၉၆၈ | ၅၁ | ၂၀၁၉ | ၁.၉၃% |

စာမျက်နှာ ၁၇ သို့ »»»

»» စာမျက်နှာ ၁၆ မှ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅၃ | မှော်ဘီမြို့နယ် | | | ၁၀၃၆၉၀ | ၁၂၉၃၀ | ၁၁၆၆၂၀ | |
| | | ဒေါက်တာနေလင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၂၂၄၂ | ၁၀၆၀၁ | ၅၂၈၄၃ | ၄၅.၃၁% |
| | | ဦးကျော်ဝင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၆၃၉၈ | ၈၂၁ | ၁၇၂၁၉ | ၁၄.၇၇% |
| | | ဦးမျိုးလှိုင်ဦး | ပြည်သူ့ပါတီ | ၁၀၇၂၇ | ၃၉၄ | ၁၁၁၂၁ | ၉.၅၄% |
| | | ဒေါ်မီမီခိုင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၉၅၀၅ | ၅၄၃ | ၁၀၀၄၈ | ၈.၆၂% |
| | | ဦးငွေသစ် | ဒီမိုကရက်တစ်ပါတီ | ၇၅၁၉ | ၁၂၄ | ၇၆၄၃ | ၆.၅၅% |
| | | ဒေါ်သိန်းသိန်းဆွေ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၆၃၁၂ | ၁၃၉ | ၆၄၅၁ | ၅.၅၃% |
| | | ဦးသက်နိုင်ဦး | မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ | ၅၅၅၈ | ၁၃၈ | ၅၆၉၆ | ၄.၈၈% |
| | | ဒေါ်မိုးအေးလှိုင် | တစ်သီးပုဂ္ဂလ | ၅၄၂၉ | ၁၇၀ | ၅၅၉၉ | ၄.၈၀% |
| ၅၄ | သဃ်္ဃန်းကျွန်းမြို့နယ် | | | ၄၄၆၄၅ | ၂၀၅၂ | ၄၆၆၉၇ | |
| | | ဒေါ်သန်းသန်းအေး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၃၃၂၈ | ၁၁၅၆ | ၁၄၄၈၄ | ၃၁.၀၂% |
| | | ဦးနေဝင်းသန်း | အမျိုးသားဒီမိုကရေစီပါတီသစ်ပါတီ | ၅၉၃၉ | ၁၂၁ | ၆၀၆၀ | ၁၂.၉၈% |
| | | ဦးကျော်စွာကျော်ကျော် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၄၄၉ | ၁၂၉ | ၅၅၇၈ | ၁၁.၉၅% |
| | | ဦးခင်ဝေ | တစ်သီးပုဂ္ဂလ | ၄၇၄၂ | ၁၅၃ | ၄၈၉၅ | ၁၀.၄၈% |
| | | ဦးလွင်မြင့် | ပြည်သူ့ပါတီ | ၄၁၆၁ | ၁၂၂ | ၄၂၈၃ | ၉.၁၇% |
| | | ဒေါ်ချို့နွယ်ဦး | တစ်သီးပုဂ္ဂလ | ၃၁၃၁ | ၁၀၀ | ၃၂၃၁ | ၆.၉၂% |
| | | ဦးသောင်းမြင့် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၈၅၄ | ၁၆၆ | ၃၀၂၀ | ၆.၄၇% |
| | | ဦးအောင်နိုင် | တစ်သီးပုဂ္ဂလ | ၂၉၁၄ | ၄၄ | ၂၉၅၈ | ၆.၃၃% |
| | | ဦးဇော်မင်းထွေး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၁၂၇ | ၆၁ | ၂၁၈၈ | ၄.၆၈% |
| ၅၅ | သန်လျင်မြို့နယ် | | | ၁၀၅၁၅၂ | ၉၆၈၈ | ၁၁၄၈၄၀ | |
| | | ဦးမိုးမြင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၁၈၉၃ | ၇၈၃၈ | ၄၉၇၃၁ | ၄၃.၃၀% |
| | | ဦးနေမျိုးဝင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၆၁၃၉ | ၅၁၇ | ၁၆၆၅၆ | ၁၄.၅၀% |
| | | ဦးအောင်ကိုဝင်း | ပြည်သူ့ပါတီ | ၁၃၂၂၂ | ၂၇၇ | ၁၃၄၉၉ | ၁၁.၇၅% |
| | | ဦးဖြိုးဝေလင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၁၅၉၈ | ၅၀၆ | ၁၂၁၀၄ | ၁၀.၅၄% |
| | | ဦးခင်မောင်ဝင်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၉၈၂၀ | ၂၃၇ | ၁၀၀၅၇ | ၈.၇၆% |
| | | ဦးလွင်မင်းဟိန်း | ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၈၄၄ | ၂၀၉ | ၇၀၅၃ | ၆.၁၅% |
| | | ဒေါ်သင်းသင်းလှဲ့ | မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ | ၅၆၃၆ | ၁၀၄ | ၅၇၄၀ | ၅.၀၀% |
| ၅၆ | အလုံမြို့နယ် | | | ၈၉၇၇ | ၁၀၁၈ | ၉၉၉၅ | |
| | | ဦးကုမ္မေထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၇၅၁ | ၅၁၂ | ၃၂၆၃ | ၃၂.၆၅% |
| | | ဦးခင်မောင်ရည် (ခ) ဦးခိုင်မောင်ရည် | တစ်သီးပုဂ္ဂလ | ၂၄၉၀ | ၁၆၆ | ၂၆၅၆ | ၂၆.၅၇% |
| | | ဦးခွန်သာ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၅၉၀ | ၁၅၄ | ၁၇၄၄ | ၁၇.၄၅% |
| | | ဦးရဲကျော်စွာ | ပြည်သူ့ပါတီ | ၁၂၆၂ | ၇၉ | ၁၃၄၁ | ၁၃.၄၂% |
| | | ဦးလင်းမောင်မောင်သိန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၈၈၄ | ၁၀၇ | ၉၉၁ | ၉.၉၁% |

## ညောင်ရွှေမြို့နယ်၌ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်

**တောင်ကြီး ဇန်နဝါရီ ၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် သလဲဦးကျေးရွာရှိ ရောင်နီဦး စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမ အသင်းလီမိတက်နှင့် မိုင်းသောက်ကျေးရွာရှိ ပင်မြင့်စံ ငွေစုငွေချေး သမဝါယမ အသင်းတို့မှ ဆောင်းနေကြာ ဆူရာကီရမ်မျိုး စိုက်ပျိုးထားရှိမှုနှင့် ရှုရှားနေကြာ (Makhaon)မျိုး စိုက်ပျိုးထားရှိမှုကို ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ရှမ်းပြည်နယ် သမဝါယမ ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက စိုက်ခင်းအားကြည့်ရှုရာတွင် အပင်ပေါက်နှုန်း ကောင်းမွန်စေရေး၊ လိုအပ်သည့် အစိုဓာတ်ရရှိစေရေး၊ စိုက်နည်းစနစ်နှင့်အညီ စိုက်ပျိုးထားရှိမှု ရှိ/မရှိ ကြည့်ရှုပြီး အပင်၏ အသက်ရက်အလိုက် ကျွေးရမည့် အစာအာဟာရများ အချိုးကျ အချိန်ကိုက်ကျွေးရန်၊ ပိုးမွှားရောဂါ မကျရောက်စေရေး လိုအပ်သည်များ ကြိုတင်ဆောင်ရွက်ရန်နှင့် ရာသီကုန်ချိန်တွင် သတ်မှတ်အထွက်နှုန်းရရှိရေး ဦးတည်ကြိုးပမ်း ကြပ်မတ်ဆောင်ရွက်သွားကြရန် ပေါင်းစပ်ညှိနှိုင်းမှာကြားခဲ့ကြောင်း သိရသည်။

ဝိုးတောင်း



ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ တတိယပိုင်း မကျင်းပမီနှင့် ကျင်းပနေစဉ်အတွင်း မီးလောင်မီးလန့်မှု မဖြစ်ပွားစေရေး ဝေါမြို့နယ်မီးသတ်ဦးစီးမှူး ဦးသိန်းထွန်းနှင့် သန္နေတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ဇန်နဝါရီ ၃ ရက်က တစ်အိမ်တက်ဆင်းစစ်ဆေးခြင်း၊ မဲရုံကျင်းပမည့်နေရာများ စစ်ဆေးခြင်း၊ မီးသတိမူရေး ဆော်သြခြင်း၊ လက်တွေ့မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



## ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီသူနာပြုတပ်ဖွဲ့

## တိုင်း၊ ခရိုင်၊ မြို့နယ်များမှ အရာရှိများအား တာဝန်ပေး ခန့်အပ်လွှာ ပေးအပ်

**ရန်ကုန် ဇန်နဝါရီ ၄**

ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီသူနာပြုတပ်ဖွဲ့ တိုင်း၊ ခရိုင်၊ မြို့နယ်များမှ အရာရှိများအား တာဝန်ပေးခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီ ကြီးကြပ်မှုကော်မတီရုံး ကရဏာခန်းမ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံကြက်ခြေနီအသင်း ကြက်ခြေနီသူနာပြုတပ်ဖွဲ့ ဗဟိုအုပ်ချုပ်ရေးအဖွဲ့ တပ်ဖွဲ့မှူးချုပ် ဦးကျော်မိုးကြည်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံကြက်ခြေနီအသင်း ကြက်ခြေနီသူနာပြုတပ်ဖွဲ့ ဗဟိုအုပ်ချုပ်ရေးအဖွဲ့ တပ်ဖွဲ့မှူးချုပ် ဦးကျော်မိုးကြည်၊ တိုင်းကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်ဌေးနှင့် ကော်မတီဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်များမှ တပ်ဖွဲ့မှူးများက တာဝန်ပေးအပ်ခံရသည့် အရာရှိများဖြစ်သည့် တိုင်းတပ်ဖွဲ့မှ အရာရှိ လေးဦး၊ ခရိုင်များမှ အရာရှိ ၂၂ ဦး၊ မြို့နယ်များမှ အရာရှိ ၃၇ ဦး စုစုပေါင်း ၇၅ ဦးတို့အား တာဝန်ပေးခန့်အပ်လွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်ကျော်(ပြန်/ဆက်)**

# ၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၄**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ဦးဆောင်ပြီး အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းနှင့်ပူးပေါင်း၍ ၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပျဉ်းမနားခရိုင် ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက်ရှိ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

**ပေးအပ်ချီးမြှင့်**

ယနေ့ပွဲစဉ်များအဖြစ် (မီတာ ၅၀၊ မီတာ ၁၀၀) အပြေးနှင့် လက်ဆင့်ကမ်း၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ထုပ်ဆီးတိုး၊ လွန်ဆွဲ၊ ယုန်ခုန်ပြေး၊ အာလူးကောက်၊ အိတ်စွပ်ပြေး၊ အပ်ချည်ထိုး၊ ဆန်ကောရွက်၊ သံပရာသီးဇွန်းကိုက်၊ သုံးချောင်းထောက်ပြေးပြိုင်ပွဲများတွင် Grade-1 မှစ၍ Grade-12 တို့မှ ကျောင်းသားကျောင်းသူများက ပျော်ပျော်ပါးပါး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အားကစားပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲ ပွဲစဉ်များတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ဦးဇင်မင်းထက်နှင့် ဦးဖြိုးဇော်စိုး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ဆုငွေများပေးအပ်ချီးမြှင့်ကြသည်။

အလားတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဦးဆောင်ပြီး ဇေယျာသိဒ္ဓိရပ်ကွက်ရှိ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၌လည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက ဦးဆောင်ပြီး အကွက်ကြီး(၁) ဘူးကွဲရှိ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း၌လည်းကောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ဦးဆောင်ပြီး အကွက်ကြီး(၂) ဘူးကွဲရှိ အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်း၌လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနက ဦးဆောင်ပြီး အကွက်ကြီး(၃) ဘူးကွဲရှိ အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်း၌လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနက ဦးဆောင်ပြီး အကွက်ကြီး (၄) ဘူးကွဲရှိ အမှတ်(၁၀)အခြေခံပညာအထက်တန်းကျောင်း၌လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနက



ဦးဆောင်ပြီး အကွက်ကြီး(၅) ဘူးကွဲရှိ အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်း၌လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဦးဆောင်ပြီး သပြေကုန်းရှိ အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်း၌လည်းကောင်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်က ဦးဆောင်ပြီး ရွာတော်ရှိ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းနှင့် ဥတ္တရသီရိမြို့နယ်ရှိ အမှတ်(၁၂)အခြေခံပညာအထက်တန်းကျောင်းတို့၌လည်းကောင်း ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာအလယ်တန်းကျောင်းများတွင် ၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများနှင့် ဆုချီးမြှင့်ပွဲများကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနမှ အားကစားကျွမ်းကျင်သည့် အားကစားမှူး(နည်းပြ)များကို စနစ်တကျ တာဝန်ပေးအပ်၍ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၄**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ လွန်ဆွဲ (အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲများ၊ ထုပ်ဆီးတိုး(အမျိုးသမီး)ပြိုင်ပွဲများကို ယနေ့နံနက် ၈ နာရီမှစတင်၍ နေပြည်တော်ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ် (၃)နှင့် (၄)တို့၌ ကျင်းပသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ ဝန်ကြီးဌာနပေါင်းစုံ လွန်ဆွဲ (အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ တတိယလုပွဲနှင့် ဗိုလ်လုပွဲများကို ဆက်လက်ကျင်းပရာ လွန်ဆွဲ (အမျိုးသမီး)ပြိုင်ပွဲ တတိယလုပွဲစဉ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက နိုင်ငံခြားရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဗိုလ်လုပွဲစဉ်တွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းက ပြည်ထောင်စုရာထူးဝန်အဖွဲ့အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ လွန်ဆွဲ (အမျိုးသား)ပြိုင်ပွဲ တတိယလုပွဲစဉ်တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းက ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဗိုလ်လုပွဲစဉ်တွင် ကာကွယ်ရေးဝန်ကြီးဌာန အသင်းကပြည်ထဲရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။

ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ လွန်ဆွဲ(အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲတွင် စတုတ္ထဆုရရှိခဲ့သည့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန အသင်းတို့ကို ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦးနှင့် ဦးမြင့်ထွေးတို့ကလည်းကောင်း၊ တတိယဆုရရှိခဲ့သည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန အသင်းတို့ကို ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးမိုးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးကျော်ဦးတို့ကလည်းကောင်း၊ ဒုတိယဆုရရှိခဲ့သည့် ပြည်ထဲရေးဝန်ကြီးဌာန အသင်းနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အသင်းတို့ကို ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးနှင့် ဦးလှအောင်တို့ကလည်းကောင်း၊ ပထမဆုရရှိခဲ့သည့်ကာကွယ်ရေးဝန်ကြီးဌာန အသင်းနှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အသင်းတို့ကို အမြဲတမ်းအတွင်းဝန် ဦးမြင့်ဆွေနှင့် ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်သူတို့က လည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

အလားတူ လေ့ကျင့်ရေးကွင်း အမှတ်(၄)၌ ဝန်ကြီးဌာနပေါင်းစုံ ထုပ်ဆီးတိုး(အမျိုးသမီး) ပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ တတိယလုပွဲစဉ်တွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို ၁၂မှတ်-လေးမှတ်ဖြင့်လည်းကောင်း၊ ဗိုလ်လုပွဲစဉ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာန အသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသင်းကို ၃၀ မှတ်- ကိုးမှတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။

ပြိုင်ပွဲများအပြီးတွင် ဝန်ကြီးဌာနပေါင်းစုံ ထုပ်ဆီးတိုး(အမျိုးသမီး)ပြိုင်ပွဲတွင် စတုတ္ထဆုရရှိခဲ့သည့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်သူကလည်းကောင်း၊ တတိယဆုရရှိခဲ့သည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်က လည်းကောင်း၊ ဒုတိယဆုရရှိခဲ့သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန္တာကြည်က လည်းကောင်း၊ ပထမဆုရရှိခဲ့သည့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို နယ်စပ်ရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးတို့ကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ဝန်ထမ်းများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှု ရှိစေရေး၊ ပူးပေါင်းဆောင်ရွက်မှု ရှိစေရေး၊ လုပ်ငန်းခွင် ပျော်ရွှင်စေရေးနှင့် ကိုယ်လက်လှုပ်ရှား လေ့ကျင့်မှုများ ပြုလုပ်နိုင်စေရေး တို့အတွက် ရည်ရွယ်၍ ၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ လွန်ဆွဲ (အမျိုးသား/ အမျိုးသမီး) ပြိုင်ပွဲများ၊ ထုပ်ဆီးတိုး (အမျိုးသမီး) ပြိုင်ပွဲ၊ ခေါင်းအုံးရိုက် (အမျိုးသား/ အမျိုးသမီး)ပြိုင်ပွဲနှင့် ပြေးခုန်ပစ် (မီတာ ၁၀၀၊၂၀၀၊ ၄၀၀၊ ၈၀၀) အပြေးပြိုင်ပွဲများကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၄ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ လေ့ကျင့်ရေးကွင်း အမှတ် (၁)၊ (၃) နှင့် (၄)တို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သာကေတမြို့နယ်၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၄**

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် ဗိုလ်တထောင်ခရိုင် သာကေတမြို့နယ် ၂/တောင်ရပ်ကွက် မြင်တော်သာလမ်းရှိ မြို့နယ်ဘောလုံး အားကစားကွင်း၌ ကျင်းပသည်။

အဆိုပါ အားကစားပြိုင်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သူနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အဆင့် ကျောင်းပေါင်းစုံမှ အားကစားဝါသနာရှင် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရုံးဝန်ထမ်းများ၊ ရပ်ကွက်အသီးသီးမှ အားကစားသမားများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ အားကစားပြိုင်ပွဲများတွင် မီတာ(၁၀၀/၂၀၀/၄၀၀)အပြေးပြိုင်ပွဲများ၊ လုံတံပစ်ပြိုင်ပွဲ၊ ဂုန်နီအိတ်စွပ်အပြေးပြိုင်ပွဲ၊ အလျားခုန်ပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ အာလူးကောက်၊ လွန်ဆွဲ၊ ရိုးရာခြင်းလုံး၊ ကြက်ဖခွပ်ပြိုင်ပွဲစသည့် ပြိုင်ပွဲများ ကျင်းပခဲ့ပြီး ဆုရရှိသူများအား ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**



# လွိုင်ကော်မြို့၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနား၊ အားကစားပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပ



လွိုင်ကော် ဇန်နဝါရီ ၄

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ယနေ့နံနက် ၄ နာရီ မိနစ် ၂၀ တွင် လွိုင်ကော်မြို့ကန္တာဟောဝန်ပန်းခြံ ကျောက်သားရင်ပြင်၌ကျင်းပရာ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ အလံတင်အခမ်းအနားကို ကျင်းပရာ အလံတင်တပ်ဖွဲ့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား တိုင်ထိပ်သို့လွှင့်ထူပေးကာ တက်ရောက်လာကြသူများက နိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက် သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို ပြည်နယ်ခန်းမ၌ ဆက်လက်ကျင်းပရာ တက်ရောက်လာသူများက နိုင်ငံတော်အလံ၊ ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းအား အလေးပြုကြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကို ကယားပြည်နယ်ဝန်ကြီးချုပ် ဦးစိန်ဦးက ဖတ်ကြားသည်။

**လက်ကမ်းစာစောင်များ**

ယင်းနောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ထုတ်ဝေသည့် (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ သတင်းစကားလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြသည်။

ဆက်လက်၍ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဒေါတမရပ်ကွက် ဗဟိုတပ်ဦးကျောင်း၌ ကျင်းပသည့် အားကစားပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများ၊ နမ့်ဘော်ဝမ် (ခ)ရပ်ကွက်၌ ကျင်းပသည့် အပြေးပြိုင်ပွဲနှင့် ဘဲဖမ်းပြိုင်ပွဲ၊ ဒေါဥခူရပ်ကွက် ပြည်နယ်အားကစားကွင်း၌ ကျင်းပသည့် ထုပ်ဆီးတိုးပြိုင်ပွဲဗိုလ်လုပွဲစဉ်အဖြစ် ISPE Loikaw အသင်းနှင့် နည်းပညာတက္ကသိုလ်အသင်းတို့ ယှဉ်ပြိုင်နေမှု၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် စွန်ရဲအသင်းနှင့် လှိုင်ထိပ်ခေါင်အသင်းတို့ ယှဉ်ပြိုင်နေမှု၊ ပြေးခုန်ပစ်၊ လွန်ဆွဲပွဲနှင့် ချောတိုင်တက်ပြိုင်ပွဲများ၌ ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ ဆုရရှိသူများအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မကွေးမြို့၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

မကွေး ဇန်နဝါရီ ၄

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ယနေ့နံနက် ၄ နာရီ မိနစ် ၂၀ တွင် မကွေးမြို့ မကွေးခရိုင်အားကစားကွင်း၌ကျင်းပရာ အလံတင်တပ်ဖွဲ့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို တိုင်ထိပ်သို့ လွှင့်ထူပေးကာ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တက်ရောက်လာကြသူများက နိုင်ငံတော်အလံအား အလေးပြုကြသည်။




ထို့နောက် သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားကို မကွေးခရိုင် အားကစားကွင်း၌ ဆက်လက်ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးတင့်လွင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်ရှိ ကျောင်းသား ကျောင်းသူများ၊ မကွေးသူနာပြုသင်တန်းကျောင်းမှ သင်တန်းသား သင်တန်းသူများ၊ မြို့နယ်ကြက်ခြေနီ အသင်းအဖွဲ့များ၊ လူမှုရေး အဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် စစ်ရေးပြတပ်ခွဲသည် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တက်ရောက်လာကြသူများနှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများ၊ တပ်မတော်သားများအား အလေးပြုကာ ဂုဏ်ပြုစစ်ကြောင်းက သစ္စာအဓိဋ္ဌာန် (၄) ချက်ရွတ်ဆိုကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

အခမ်းအနား အပြီးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပသည့် ဖူဆယ်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ လွန်ဆွဲပြိုင်ပွဲနှင့် အပြေးပြိုင်ပွဲစသည့် အားကစားနည်းများတွင် မကွေးမြို့နယ်အတွင်းရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်ရှိ ကျောင်းသား ကျောင်းသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ ဝင်ရောက်ယှဉ်ပြိုင်နေမှုကို လှည့်လည်ကြည့်ရှု အားပေးကာ ဆုရရှိသူများအား ဆုတံဆိပ်၊ ဆုဆွဲပြားများနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြပြီး ခင်းကျင်းပြသထားသော လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **မောင်ခိုင်မင်း(ပြန်/ဆက်)**

# ပုသိမ်မြို့၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားပွဲ အခမ်းအနားကျင်းပ

ပုသိမ် ဇန်နဝါရီ ၄

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော် အလံတင်အခမ်းအနားကို ယနေ့နံနက် ၄ နာရီ မိနစ် ၂၀ တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကျောက်တိုင်အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးခန့်မွန်ဆွေနှင့် ဌာနဆိုင်ရာများက နေရာယူပြီးနောက် နိုင်ငံတော် အလံတင်ခြင်းနှင့် အလေးပြုခြင်းများဆောင်ရွက်ပြီး အလံတင်တပ်စုသည် စစ်ရေးပြကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြသည်။

**တက်ရောက်**

ထို့နောက် သဝဏ်လွှာဖတ်ကြားပွဲ အခမ်းအနားကို နံနက် ၇ နာရီတွင် အဆိုပါကွင်း၌ ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် သီရိပျံချီ စည်သူဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပုသိမ်လေတပ်စခန်းဌာနချုပ်မှူး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာသူများက နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုကာ ဂုဏ်ပြုတပ်ဖွဲ့က သစ္စာအဓိဋ္ဌာန် ရွတ်ဆိုပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖတ်ကြားသည်။

**ဆုများပေးအပ်ချီးမြှင့်**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်း၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ကျင်းပသည့် ဌာနဆိုင်ရာ အမျိုးသားဖူဆယ်ပြိုင်ပွဲ၊ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီးလွန်ဆွဲပြိုင်ပွဲ၊ အမျိုးသားဘော်လီဘောပြိုင်ပွဲ၊ အမျိုးသမီးထုပ်ဆီးတိုးပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီးအပြေးပြိုင်ပွဲနှင့် မြန်မာ့ရိုးရာအားကစားနည်းပြိုင်ပွဲများ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး အားကစားပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။





**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဟိုပုံးမြို့၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနား တက်ရောက်

ဟိုပုံး ဇန်နဝါရီ ၄

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင် အခမ်းအနားကို ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် ယနေ့ နံနက် ၄ နာရီ မိနစ် ၂၀ က ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသဦးစီးအဖွဲ့ရုံးစစ်ရေးပြကွင်း၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အလံကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဂုဏ်ပြုတပ်ဖွဲ့က အလံတိုင်ထိပ်သို့လွှင့်တင်ပြီး ဂုဏ်ပြုတပ်ဖွဲ့ဝင်များ နှင့်အတူ တက်ရောက်လာသည့် ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးခွန်သိန်းရွှေနှင့် အဖွဲ့ဝင်များ၊ ဒေသ/မြို့နယ်အဆင့်ဌာနဆိုင်ရာများက အတူတကွ အလေးပြုကြသည်။



ထို့နောက် စစ်ရေးပြတပ်ခွဲမှ တပ်ခွဲမှူးဦးဆောင် ၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌကို အလေးပြုကြပြီး အခမ်းအနားသို့ တက်ရောက်လာသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံ၊ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများနှင့် တပ်မတော်သား များကို အလေးပြုကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌက ဖတ်ကြားသည်။

ဆက်လက်၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ဂုဏ်ပြုတပ်ခွဲနှင့် ဘင်ခရာအဖွဲ့အား ဂုဏ်ပြုဆုငွေများ ကိုလည်းကောင်း၊ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော ကျောင်းသား ကျောင်းသူများအားလည်းကောင်း၊ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အထက်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသော ကျောင်းသား ကျောင်းသူများအားလည်းကောင်း၊ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော ကျောင်းသား ကျောင်းသူ များအားလည်းကောင်း၊ (၇၈)နှစ်မြောက် လွတ်လပ်ရေး နေ့အထိမ်းအမှတ် အလယ်တန်းအဆင့်ကဗျာပြိုင်ပွဲ တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော ကျောင်းသား ကျောင်းသူများအားလည်းကောင်း ဆုများ ပေးအပ် ချီးမြှင့်ကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြ သူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဝန်ထမ်းများက (၇၈)နှစ်မြောက် လွတ်လပ် ရေးနေ့အထိမ်းအမှတ် သတင်းစကားလက်ကမ်း စာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**



## လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံပညာ ထူးချွန်ဆုပေးအပ်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၄

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ ၂၀၂၅ -၂၀၂၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံပညာရေး ထူးချွန်ဆုပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်း ရှေ့ ကွင်းပြင်တွင် ကျင်းပသည်။

အခမ်းအနားကို မြန်မာ့ကျောင်းသီချင်းဖြင့် စတင်ဖွင့်လှစ်ကာ အထက(၈) ကျောင်းဆရာကြီး ဦးစံသိန်းက အမှာစကားပြောကြားပြီး အမှတ်(၂၀) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဘကျော်က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဘက်စုံပညာရည်ချွန် ဆုများနှင့် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ၊ ၂၀၂၄ -၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ရိုးရိုးအောင်မြင်ခဲ့ သူများ၊ ဂုဏ်ထူးရအောင်သင်ကြားပေးသည့် ဆရာ ဆရာမများ၊ ကျောင်းစည်းကမ်းလိုက်နာမှုဆုများနှင့် ဂုဏ်ပြုလက်မှတ်အပါအဝင် ဆုတံဆိပ်စုစုပေါင်း ၇၃၆ ဆုကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကျော်သန်း (ပြန်/ဆက်)**

## မကွေးတိုင်းဒေသကြီးအတွင်း၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် မွေးဖွားသည့်ကလေးသူငယ်များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်

မင်းဘူး ဇန်နဝါရီ ၄

မကွေးတိုင်းဒေသကြီး အစိုးရ အဖွဲ့က (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် တိုင်း ဒေသကြီးအတွင်းရှိပြည်သူ့ဆေးရုံ များ၌ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့တွင် မွေးဖွား သည့် ကလေးသူငယ်များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ် သည်။



ထိုသို့ပေးအပ်ရာတွင် မကွေး တိုင်းဒေသကြီး အစိုးရအဖွဲ့က တိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့ ဆေးရုံးများ၌ ယနေ့လွတ်လပ်ရေး နေ့တွင် မွေးဖွားသည့် ကလေး သူငယ်များအားလုံးကို တစ်ဦး လျှင် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် သက်ဆိုင်ရာ ဆေးရုံများမှ တာဝန်ရှိသူများက ရင်သွေးငယ်များ၏ မိဘများထံ လက်ဝယ်အရောက် ပေးအပ် သည်။

မကွေးတိုင်းဒေသကြီးအတွင်း ၌ ဇန်နဝါရီ ၄ ရက် မွန်းတည့် ၁၂ နာရီအထိ မင်းဘူးဆေးရုံတွင် နှစ်ဦး၊ တောင်တွင်းကြီးဆေးရုံတွင် တစ်ဦး၊ ချောက်ဆေးရုံတွင် နှစ်ဦး၊ ရေနံချောင်းဆေးရုံတွင် လေးဦး၊ သရက်ဆေးရုံတွင် သုံးဦး၊ အောင်လံ ဆေးရုံတွင် တစ်ဦး ကလေးသူငယ် စုစုပေါင်း ၁၃ ဦးအထိ မွေးဖွားပြီး ဖြစ်ကာ သတ်မှတ်ချိန်အထိ သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများ တွင် လာရောက်မွေးဖွားသည့် ကလေးသူငယ်များ အားလုံးကို တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဂုဏ်ပြုချီးမြှင့်ငွေများ ဆက်လက် ပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **မောင်မောင်(မင်းဘူး)**

## ရမည်းသင်းခရိုင်၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရမည်းသင်း ဇန်နဝါရီ ၄

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ရမည်းသင်းခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကျင်းပသည့် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီက ခရိုင်အားကစားကွင်းအတွင်း၌ ကျင်းပသည်။



အားကစားပြိုင်ပွဲများတွင် ပိုက်ကျော်ခြင်းအမျိုးသား၊ ထုပ်ဆီးတိုး အမျိုးသမီး၊ လွန်ဆွဲအမျိုးသား/အမျိုးသမီးနှင့် ကွင်းတွင်းအားကစား ပြိုင်ပွဲ ၁၁ မျိုး စုစုပေါင်းအားကစားပြိုင်ပွဲ ၁၅ မျိုးကို ဇန်နဝါရီ ၂ ရက် မှ ၄ ရက်အထိ ကျင်းပပြီး ဆုရရှိသူများအား ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိန်မြင့်နှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးသည်။

အဆိုပါအခမ်းအနားသို့ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **သိမ့်သိမ့်မျိုး(ပြန်/ဆက်)**

## မိုးနဲမြို့နယ်၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပ

မိုးနဲ ဇန်နဝါရီ ၄

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အားကစားပြိုင်ပွဲများကို ယနေ့နံနက် ၉ နာရီက မြို့နယ်ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန မြို့နယ် အားကစားမှူး ဒေါ်နန်းသန်းသန်းစိုး၏ကြီးကြပ်မှုဖြင့် ဆရာ ဆရာမများ ပူးပေါင်းကာ အားကစားပြိုင်ပွဲများ ကျင်းပပေးခြင်းဖြစ်ပြီး ကျောင်းသား ကျောင်းသူများအား အသက်အရွယ်အလိုက် မီတာ ၁၀၀ ရိုးရိုးပြေး၊ ဇွန်းကိုက်၊ ဖယောင်းတိုင်ထွန်း၊ ၇၅ မီတာ ရိုးရိုးပြေး၊ အိတ်စွပ်၊ မီတာ ၅၀ ဖိနပ်ရွေး၊ အင်္ကျီရွေး၊ ရိုးရိုးပြေး အစရှိသည့် ပြိုင်ပွဲများတွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား မြို့နယ်စီမံခန့်ခွဲရေး နှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ် အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**



# (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အလံတင်ခြင်း၊ သဝဏ်လွှာဖတ်ကြားခြင်းနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားများ ကျင်းပမှုမြင်ကွင်း

**နေပြည်တော် ဇန်နဝါရီ ၄**

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ နိုင်ငံတော်အလံတင်အခမ်းအနား၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထံမှပေးပို့သည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် သဝဏ်လွှာဖတ်ကြားသည့် အခမ်းအနားနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို နိုင်ငံတစ်ဝန်း၌ ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက ကျင်းပသည်။



ရေးမြို့နယ်၌ လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနား ကျင်းပစဉ်။ ရှင်းသန့်ဖြူ



မူဆယ်မြို့၌ လွတ်လပ်ရေးနေ့အခမ်းအနားတွင် နိုင်ငံတော်အလံအား အလေးပြုကြစဉ်။ ချယ်ရီမြေ(မူဆယ်)



ထန်းတပင်မြို့နယ်၌ လွတ်လပ်ရေးနေ့အခမ်းအနားတွင် နိုင်ငံတော်အလံအား အလေးပြုကြစဉ်။ မြို့နယ်(ပြန်/ဆက်)



တောင်သာမြို့၌ လွတ်လပ်ရေးနေ့အထိမ်းအမှတ် သဝဏ်လွှာဖတ်ကြားစဉ်။ ကျော်မျိုးနိုင်(တောင်သာ)



ကျောက်ဆည်မြို့၌ လွတ်လပ်ရေးနေ့အထိမ်းအမှတ် သဝဏ်လွှာဖတ်ကြားစဉ်။ ကျောက်ဆည်(ပြန်/ဆက်)



ကျိုက်ထိုမြို့နယ်၌ လွတ်လပ်ရေးနေ့အထိမ်းအမှတ် သဝဏ်လွှာဖတ်ကြားစဉ်။ ပြည့်ဖြိုး(ပြန်/ဆက်)



အုတ်တွင်းမြို့နယ်၌ လွတ်လပ်ရေးနေ့အထိမ်းအမှတ် သဝဏ်လွှာဖတ်ကြားစဉ်။ ခင်ခင်မာ(ပြန်/ဆက်)



မြောက်ဥက္ကလာပမြို့၌ လွတ်လပ်ရေးနေ့အထိမ်းအမှတ် သဝဏ်လွှာဖတ်ကြားစဉ်။ သက်လွင်စိုး(ပြန်/ဆက်)



ဗိုလ်တထောင်မြို့နယ်၌ လွတ်လပ်ရေးနေ့အခမ်းအနားတွင် ဆုရရှိသူများအား ဆုချီးမြှင့်စဉ်။ ခင်ဝင်း(ပြန်/ဆက်)



သာစည်မြို့၌ လွတ်လပ်ရေးနေ့အခမ်းအနားတွင် ဆုရရှိသူများအား ဆုချီးမြှင့်စဉ်။ မြို့နယ်(ပြန်/ဆက်)



တောင်ငူမြို့၌ လွတ်လပ်ရေးနေ့အထိမ်းအမှတ် သဝဏ်လွှာဖတ်ကြားစဉ်။ မြို့နယ်(ပြန်/ဆက်)



မြဝတီမြို့၌ လွတ်လပ်ရေးနေ့အခမ်းအနားကျင်းပစဉ်။ ဆောင်းနှင်းဖြူ(ပြန်/ဆက်)

# အင်းစိန်အကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၈၅၀ ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြု



ရန်ကုန် ဇန်နဝါရီ ၄

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အဖြစ်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်း အေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်/အချုပ်ထောင်/ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသား အကျဉ်းသူ ၆၁၃၄ ဦးနှင့် နိုင်ငံခြားသား ၅၂ ဦးတို့ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ လွတ်ငြိမ်းခွင့်ပြုခဲ့ရာ ရန်ကုန်မြို့ အင်းစိန်ဗဟိုအကျဉ်းထောင်မှ နိုင်ငံခြားသားအပါအဝင် အကျဉ်းသား အကျဉ်းသူ ၈၅၀ တို့ကိုလည်း ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြုခဲ့သည်။

ထိုသို့ ပြစ်ဒဏ်မှလွတ်ငြိမ်းခွင့်ပြုရာတွင် အင်းစိန်ဗဟိုအကျဉ်းထောင် မိုးလုံလေလုံအားကစားခန်းမ၌ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်နှင့် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ကိုကိုလွင်တို့က သတ်မှတ်စည်းကမ်းနှင့်ကိုက်ညီသည့် လွတ်ငြိမ်းခွင့်ရှိသော အကျဉ်းသား အကျဉ်းသူများကို ဆုံးမသြဝါဒစကားများ ပြောကြားပြီး တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များသို့ YBS ယာဉ်များဖြင့် ပို့ဆောင်ပေးကြသည်။

ယနေ့တွင် အင်းစိန်ဗဟိုအကျဉ်းထောင်မှ နိုင်ငံသားအကျဉ်းသား ၆၄၆ ဦး၊ အကျဉ်းသူ ၁၉၃ ဦး၊ နိုင်ငံခြားသားအကျဉ်းသား ရှစ်ဦး၊ အကျဉ်းသူ တစ်ဦး၊ အခြားအကျဉ်းသား နှစ်ဦး စုစုပေါင်း ၈၅၀ တို့ကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ခြင်းဖြစ်သည်။

ယနေ့ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိကြသည့် အင်းစိန်ဗဟိုအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၈၅၀ တို့ကို အင်းစိန်ဗဟိုအကျဉ်းထောင်ရှေ့တွင် မိဘဆွေမျိုးများက ဝမ်းမြောက်ဝမ်းသာဖြင့် ကြိုဆိုခဲ့ကြကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ – ကနူး**

# မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၂၈၃ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိ

မန္တလေး ဇန်နဝါရီ ၄

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်း အေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကျဉ်းထောင်/အချုပ်ထောင်/ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား အကျဉ်းသူ ၆၁၃၄ ဦးကို ယနေ့တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်ရာ မန္တလေးမြို့ရှိ မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၂၈၃ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ မန္တလေးဗဟိုအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိခဲ့ကြသည့် အကျဉ်းသား ၂၂၄ ဦးနှင့် အကျဉ်းသူ ၅၉ ဦး စုစုပေါင်း ၂၈၃ ဦးတို့ကို မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေလင်းစိုးနှင့် မန္တလေးတိုင်းဒေသကြီး အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးချိုဝင်းထွန်းတို့က ယနေ့နံနက်ပိုင်းတွင် မန္တလေးဗဟိုအကျဉ်းထောင်၌တွေ့ဆုံ၍ ဆုံးမသြဝါဒစကားများ ပြောကြားသည်။



ထို့နောက် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ အကျဉ်းသား အကျဉ်းသူများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ လုပ်အားခဆုငွေနှင့် စားစရိတ်၊ ခရီးစရိတ်ပေးအပ်ခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး အကျဉ်းထောင်မှ လွှတ်ပေးခဲ့သည်။

"အကျဉ်းသားတွေ အခုလို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်နဲ့ လွတ်မြောက်ခွင့်ရတဲ့အတွက် ဝမ်းသာမိပါတယ်။ လွတ်မြောက်ခွင့်ရတဲ့သူတွေအနေနဲ့ နိုင်ငံတော်က သတ်မှတ်ထားတဲ့ ဥပဒေစည်းမျဉ်းတွေကို လိုက်နာပြီး အေးချမ်းစွာ မိသားစုနဲ့ နွေးနွေးထွေးထွေးနေထိုင်ကြပါ။ နောက်ပြီး ဘာသာအကျိုး၊ နိုင်ငံ့အကျိုးကို တတ်နိုင်သမျှဆောင်ရွက်ပေးကြပါလို့ တိုက်တွန်းလိုပါတယ်"ဟု မန္တလေးဗဟိုအကျဉ်းထောင်မှ တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းဇော်မောင်က ပြောသည်။

ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အကျဉ်းထောင် ငါးခုနှင့် ကုန်ထုတ်စခန်း ခုနစ်ခုမှ အကျဉ်းသား ၉၈၁ ဦးနှင့် အကျဉ်းသူ ၁၈၆ ဦး စုစုပေါင်း ၁၁၆၇ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိခဲ့ကြောင်း သိရသည်။

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိခဲ့သူ တစ်ဦးကလည်း "အခုလိုလွတ်ငြိမ်းခွင့်ရတဲ့အတွက် အင်မတန်ဝမ်းသာမိပါတယ်။ မိသားစုတွေက လာရောက်ကြိုဆိုနေပါပြီ။ အခုလိုလွတ်မြောက်ပြီး မိသားစုနဲ့တွေ့ခွင့်ရတဲ့အတွက် ပျော်ရွှင်မိပါတယ်။ လွတ်ငြိမ်းခွင့်ပေးတဲ့ နိုင်ငံတော်အကြီးအကဲတွေကို ကျေးဇူးတင်ရှိပါတယ်။ လွတ်မြောက်ဖို့ကျန်နေတဲ့ သူငယ်ချင်းတွေ စောစောလွတ်မြောက်ကြပါစေလို့ ဆုတောင်းပေးပါတယ်"ဟု ပြောသည်။ **မင်းထက်အောင်**

# နေပြည်တော် အချုပ်ထောင်မှ အကျဉ်းသား ၇၀၊ နေပြည်တော် ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းမှ အကျဉ်းသား ၂၁ ဦး စုစုပေါင်း ၉၁ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ



**နေပြည်တော် ဇန်နဝါရီ ၄**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သည့် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် လည်းကောင်း အကျဉ်းထောင်/ အချုပ်ထောင်/ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား အကျဉ်းသူ ၆၁၃၄ ဦးကို ယနေ့ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုပေးရာ နေပြည်တော် အချုပ်ထောင်မှ အကျဉ်းသား ၇၀၊ နေပြည်တော် ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းမှ အကျဉ်းသား ၂၁ ဦး စုစုပေါင်း အကျဉ်းသား ၉၁ ဦးတို့ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ရရှိခဲ့ကြသည်။

**ဆုံးမသြဝါဒစကားပြောကြား**

ထိုကဲ့သို့ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုရာတွင် ဇမ္ဗူသီရိမြို့နယ် ဗလသိဒ္ဓိရပ်ကွက်ရှိ နေပြည်တော် အချုပ်ထောင် ဧည့်တွေ့နားနေဆောင်၌ ဇမ္ဗူသီရိမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဇမ္ဗူသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး၊ နေပြည်တော် ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း တာဝန်ခံ၊ နေပြည်တော် အချုပ်ထောင် တာဝန်ခံနှင့် တာဝန်ရှိသူများက ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ အကျဉ်းသားများကို ဆုံးမသြဝါဒစကား ပြောကြားကြပြီး ထောင်လွတ်လက်မှတ်၊ စားစရိတ်၊ ခရီးစရိတ်နှင့် လုပ်အားရှင်ခံစားခွင့်ငွေများ ပေးအပ်ကာ သက်ဆိုင်ရာကားဂိတ်များသို့ ပို့ဆောင်ပေးကြကြောင်း သိရသည်။

**နီလာ(ပြန်/ဆက်)**



# ကလေးမြို့အကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၂၃ ဦး လွတ်ငြိမ်းသက်သာခွင့်ပေး

ကလေး ဇန်နဝါရီ ၄

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့အကျဉ်းထောင်မှ အကျဉ်းသား ၂၂ ဦး၊ အကျဉ်းသူ တစ်ဦး လွတ်ငြိမ်းသက်သာခွင့်ပေးသည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါအကျဉ်းဦးစီးဌာန ဇလပ်ဖြူခန်းမ၌ ကျင်းပသည်။

ဦးစွာ ကလေးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးထက်နှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စောမြင့်တို့က လွတ်ငြိမ်းသက်သာခွင့်ဖြင့် လွတ်မြောက်ကြသည့် အကျဉ်းသား အကျဉ်းသူများအား ဆုံးမသြဝါဒစကား ပြောကြားသည်။

ထို့နောက် ကလေးမြို့အကျဉ်းထောင်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မိုးဝင်းက အမှာစကားပြောကြားပြီး တာဝန်ရှိသူများက လွတ်ငြိမ်းသက်သာခွင့်ရရှိသူများအား ထောင်လွတ်လက်မှတ်နှင့် စားစရိတ်၊ ခရီးစရိတ်များကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ မြန်မာစာဘာသာရပ် သိကောင်းစရာ

ဒေါက်တာလွင်မာဦး၊ ပါမောက္ခ(ဌာနမှူး)၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

ယခုပို့ချချက်သည် ၂၀၂၆ ခုနှစ် မတ်လ၌ ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် မြန်မာစာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများဖြစ်ပါသည်။ ပို့ချရခြင်း၏ ရည်ရွယ်ချက်မှာ ပြဋ္ဌာန်းစာများကို လေ့လာကျက်မှတ်ရာတွင် အဆင်ပြေချောမွေ့ပြီး စာမေးပွဲကို ထူးချွန်ပေါက်မြောက်စွာ ဖြေဆိုနိုင်ရန် ဖြစ်ပါသည်။ ယခု သင်ရိုးသည် ကျောင်းသား ကျောင်းသူများ လက်တွေ့ဘဝတွင် ထိရောက်စွာအသုံးပြုနိုင်ရန် မြန်မာဘာသာစကား၏ စွမ်းရည်လေးရပ်ဖြစ်သော အပြောအဆိုစွမ်းရည်၊ အနာအကြား စွမ်းရည်၊ အဖတ်အရွတ်စွမ်းရည်၊ အရေးအသားစွမ်းရည်တို့ စနစ်တကျမြင့်မားတိုးတက်လာစေရန် ရည်ရွယ်ပြီး သင်ကြားခြင်းဖြစ်ပါသည်။ ယခုပို့ချချက်တွင် မေးခွန်းပုံစံနှင့် လိုက်လျောညီစွာ အံဝင်ခွင်ကျ ဖြေဆိုနိုင်ရေးအတွက် ဆွေးနွေးတင်ပြမည်ဖြစ်ပါသည်။

မြန်မာစာဘာသာရပ်ကို လေ့လာရာတွင် တွေးခေါ်စဉ်းစားသည့် အလေ့အထနှင့် စာရေးသားသည့် အလေ့အကျင့်များ ရရှိစေရန်အတွက် စာပေနှင့်ဘာသာစကားကို သင်ကြားလေ့ကျင့်ပေးခြင်းဖြစ်ပါသည်။ ထိုသို့ သင်ကြားလေ့ကျင့်ပေးခြင်းဖြင့် ကျောင်းသား ကျောင်းသူများသည် မှတ်မိခြင်း၊ နားလည်ခြင်း၊ အသုံးချခြင်း၊ စိတ်ပိုင်းခြားခြင်း၊ အကဲဖြတ်ခြင်း၊ တီထွင်ဖန်တီးခြင်းဟူသော အဆင့်များကို တိုးတက်ရရှိလာကာ အဆင့်မြင့် စဉ်းစားတွေးခေါ်မှုစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။

**ပြဋ္ဌာန်းစာနှင့် မေးခွန်းဖွဲ့စည်းမှု**

ဒွါဒသမတန်း ( တက္ကသိုလ်ဝင်တန်း ) မြန်မာစာဘာသာရပ်အတွက် သတ်မှတ်ပြဋ္ဌာန်းထားသော ကျောင်းသုံးစာအုပ်တွင် အပိုင်း (၃) ပိုင်း ပါဝင်ပါသည်။ ထိုအပိုင်း(၃)ပိုင်းမှာ အပြောသင်ခန်းစာ၊ အဖတ်အရွတ်သင်ခန်းစာနှင့် အရေးသင်ခန်းစာတို့ ဖြစ်ပါသည်။

မြန်မာစာမေးခွန်းတွင် မေးခွန်းကြီး(၇)ပုဒ် ပါဝင်ပါသည်။ ဓမ္မဓိဋ္ဌာန်မေးခွန်းကြီး (၁)ပုဒ်၊ မေးခွန်းတိုများ ပါဝင်သည့် မေးခွန်းကြီး (၁)ပုဒ်၊ ကဗျာမေးခွန်းရှည် (၁)ပုဒ်၊ စကားပြေမေးခွန်းရှည်ကြီး (၁)ပုဒ်၊ ရသစာပြဇာတ်မေးခွန်းရှည်ကြီး (၁)ပုဒ်၊ စာစီစာကုံး မေးခွန်းကြီး (၁)ပုဒ်နှင့် အဆိုဆွေးနွေးချက်ပါဝင်သည့် မေးခွန်းရှည်ကြီး(၁) ပုဒ် စုစုပေါင်း (၇) ပုဒ် ဖြစ်ပါသည်။ အချို့မေးခွန်းများတွင် ရွေးချယ်စရာ မေးခွန်းများလည်း ပါဝင်ပါသည်။

**မေးခွန်းတစ်ပုဒ်ချင်း ရှင်းလင်းချက်**

**မေးခွန်းနံပါတ်(၁)**

တက္ကသိုလ်ဝင်တန်း မြန်မာစာမေးခွန်းလွှာတွင် မေးခွန်းနံပါတ်(၁)သည် ဓမ္မဓိဋ္ဌာန်မေးခွန်း ဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူများသည် သင်ခန်းစာများကို အမှန်တကယ် နားလည်သဘောပေါက်ခြင်း ရှိ၊ မရှိ၊ ကျေညက်ခြင်း ရှိ၊ မရှိ တို့ကို ဆန်းစစ်ကြည့်နိုင်သည့် မေးခွန်းမျိုး ဖြစ်ပါသည်။ တကယ်နားလည်သဘောပေါက်ပြီး ကျေညက်ခြင်းရှိပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းပုံစံပင် ဖြစ်ပါသည်။

ဤဓမ္မဓိဋ္ဌာန်မေးခွန်းတွင် ပုဒ်ခွဲ(က)၊ ပုဒ်ခွဲ(ခ)နှင့် ပုဒ်ခွဲ(ဂ) ဟူ၍ အပိုင်းသုံးပိုင်း ပါဝင်ပါသည်။ ယင်းအပိုင်းတွင် အပြောသင်ခန်းစာများ၊ အဖတ်အရွတ်သင်ခန်းစာများနှင့် အရေးသင်ခန်းစာများမှ ဓမ္မဓိဋ္ဌာန်မေးခွန်းများ ပါဝင်ပါသည်။

မေးခွန်း ၁(က)တွင် မှား၊ မှန်ရွေးသည့် မေးခွန်းကို မေးထားပါသည်။ ဤမေးခွန်းတွင် အပြောသင်ခန်းစာများ၊ အဖတ်အရွတ်သင်ခန်းစာများနှင့် အရေးသင်ခန်းစာများ ပါဝင်ပြီး ပေးမှတ်မှာ (၁၀) မှတ် ဖြစ်ပါသည်။ တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုး ဖြစ်ပါသည်။

**နမူနာ**

၁။ (က) အောက်ပါတို့ကို မှားလျှင်(မှား)၊ မှန်လျှင်(မှန်) ဟု ဖြေဆိုပါ။

၁။ မည်သည့်ဘာသာစကားတွင်မဆို အသံအနိမ့်အမြင့်သည် အတိမ်းအစောင်းမခံနိုင်သော သဘောတရားတစ်ရပ် ဖြစ်ပါသည်။

မေးခွန်း ၁(ခ)တွင် ကွက်လပ်ဖြည့်သည့်မေးခွန်းကို မေးထားပါသည်။ ဤမေးခွန်းတွင် အပြောသင်ခန်းစာများ၊ အဖတ်အရွတ် သင်ခန်းစာများနှင့် အရေးသင်ခန်းစာများပါဝင်ပြီး ပေးမှတ်မှာ (၁၀)မှတ် ဖြစ်ပါသည်။ တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုး ဖြစ်ပါသည်။

**နမူနာ**

၁။ (ခ) အောက်ပါတို့ကို ကွက်လပ်ဖြည့်ပါ။

(၁) ဦးဖေမောင်တင် အတ္ထုပ္ပတ္တိသည် မင်းယုဝေ၏ __________ စာအုပ်မှ ရွေးချယ်ချက်ဖြစ်သည်။

မေးခွန်း ၁(ဂ)တွင် ပေးထားသည့် ရွေးချယ်စရာ သုံးခုထဲမှ အမှန်တစ်ခုကို ရွေးချယ်ရသည့် မေးခွန်းကို မေးထားပါသည်။ ဤမေးခွန်းတွင် အပြောသင်ခန်းစာများ၊ အဖတ်အရွတ် သင်ခန်းစာများ၊ အရေးသင်ခန်းစာများပါဝင်ပြီး ပေးမှတ်မှာ (၁၀) မှတ်ဖြစ်ပါသည်။ တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုးဖြစ်ပါသည်။

**နမူနာ**

၁။ (ဂ) အောက်ပါတို့မှ အဖြေမှန်ကိုရွေးပါ။

(၁) ဝတ္ထုဇာတ်လမ်းများကို ရေးရာ၌ __________ နည်းကို အသုံးပြုတတ်ကြပါသည်။

(က) အစိတ်အပိုင်းစဉ် (ခ) ယုတ္တိစဉ် (ဂ) ကာလစဉ်

ကျောင်းသား ကျောင်းသူများသည် အပိုင်းတစ်ပိုင်းကို ချန်လှပ်ကျက်မှတ်ခြင်းမျိုး မပြုလုပ်သင့်ဘဲ ပြဋ္ဌာန်းစာ၏ အပိုင်းသုံးပိုင်းစလုံးကို လေ့လာထားရပါမည်။ သက်ဆိုင်ရာ သင်ခန်းစာနှင့်ပတ်သက်၍ စေ့စေ့စပ်စပ်သေသေချာချာ လေ့လာကျက်မှတ်ထားရန် လိုအပ်ပါသည်။ တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုးဖြစ်သည်။

**မေးခွန်းနံပါတ်(၂)**

မေးခွန်းနံပါတ် (၂)တွင် (မေးခွန်းပုဒ်ခွဲ လေးပုဒ်ပါဝင်ပြီး) ၂(က)သည် ခက်ဆစ်မေးခွန်း၊ ၂(ခ)သည် အလင်္ကာမေးခွန်း၊ ၂(ဂ)သည် ရသစာပြဇာတ်စကားစပ်မေးခွန်း၊ ၂(ဃ)သည် အပြောသင်ခန်းစာ မေးခွန်းတိုဟူ၍ အပိုင်းလေးပိုင်းပါဝင်ပါသည်။

မေးခွန်းနံပါတ် ၂(က)သည် ကဗျာ၊ စကားပြေ၊ ရသစာပြဇာတ် အပုဒ်များမှ ဝေါဟာရများကို ခက်ဆစ်အဓိပ္ပာယ် ဖွင့်ဆိုစေခြင်း ဖြစ်ပါသည်။ ဝေါဟာရ (၇)ခု ပေးထားပြီး (၅)ခု ဖြေဆိုရပါမည်။ ပေးမှတ်မှာ (၅)မှတ် ဖြစ်ပါသည်။ တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သော မေးခွန်းမျိုး ဖြစ်ပါသည်။

**နမူနာ**

၂။ အောက်ပါတို့ကို ဖြေဆိုပါ။

(က) အောက်ပါဝေါဟာရတို့အနက် ငါးခု၏အဓိပ္ပာယ်ကို တိကျစွာ ဖော်ပြပါ။

ဥပစာတန်း၊ တစ်ပဲတန်၊ မျှော်ချေကလျှင်၊ နှစ်ခုရောရာ၊ ဘောက်စရာ၊ မြောက်စံအိမ်၊ စွန့်ခြင်းငါးရပ်။

မြန်မာဝေါဟာရ၏ အဓိပ္ပာယ်သည် အသုံးပြုပုံကိုလိုက်၍ အဓိပ္ပာယ်အမျိုးမျိုး ကွဲပြားတတ်သဖြင့် ခက်ဆစ်မေးခွန်းများကို ဖြေဆိုရာတွင် ပြဋ္ဌာန်းစာပါ အဓိပ္ပာယ်ဖွင့်ဆိုချက်အတိုင်း ဖွင့်ဆိုရန်၊ အဓိပ္ပာယ်ဖွင့်ဆိုပုံ တိကျရန် လိုအပ်ပါသည်။ ပြဋ္ဌာန်းစာတွင် ဝေါဟာရကို မည်သည့်အဓိပ္ပာယ်ဖြင့် သုံးနှုန်းထားသည်ကို သိရှိစေလိုသည့်အတွက် ပြဋ္ဌာန်းစာအုပ်ပါ ဝေါဟာရ၏ ခက်ဆစ်အဖွင့်ကို စစ်ဆေးခြင်းဖြစ်ပါသည်။ ထို့အပြင် ပေးထားသော ဝေါဟာရ၏ သဒ္ဒါအမျိုးအစားနှင့် အဓိပ္ပာယ်ဖွင့်ဆိုသည့် သဒ္ဒါအမျိုးအစား ကိုက်ညီရန် လိုအပ်ပါသည်။ ပေးထားသော ဝေါဟာရသည် နာမ်ဖြစ်လျှင် အနက်ဖွင့်ဆိုရှင်းပြချက်သည် နာမ်ဖြစ်ရပါမည်။(သာဓက ဥပစာတန်း = တက္ကသိုလ်ပထမနှစ်နှင့်ဒုတိယနှစ်။) ပေးထားသော ဝေါဟာရသည် ကြိယာဖြစ်လျှင် အနက်ဖွင့်ဆိုရှင်းပြချက်သည် ကြိယာဖြစ်ရပါမည်။ (သာဓက တစ်ပဲတန် = တန်ဖိုးနည်းသည်။) ပေးထားသောဝေါဟာရသည် နာမဝိသေသနဖြစ်လျှင် အနက်ဖွင့်ဆို ရှင်းပြချက်သည် နာမဝိသေသနဖြစ်ရပါမည်။ (သာဓက နှစ်ခုရောရာ = ကောင်းမှု မကောင်းမှုပေါင်းစပ်ထားသော။) ထို့အပြင် ခက်ဆစ်ဖွင့်ဆိုချက်များတွင် တစ်ချောင်းပုဒ် ခံထားပါက အဓိပ္ပာယ်ပြည့်စုံခြင်း မရှိသေးသည့်အတွက် ဆက်လက်ဖော်ပြရန် လိုအပ်ပါသည်။ (သာဓက စွန့်ခြင်းငါးရပ် = ဥစ္စာပစ္စည်းတို့ကို စွန့်ခြင်း၊ မယားကိုစွန့်ခြင်း၊ သားသမီးကို စွန့်ခြင်း၊ ကိုယ်လက်အင်္ဂါတို့ကို စွန့်ခြင်း၊ အသက်ကိုစွန့်ခြင်း။) ပုဒ်မခံထားသော ဖွင့်ဆိုချက်ဖြစ်ပါက တစ်ခုကိုဖော်ပြလျှင် များသောအားဖြင့် လုံလောက်ပါသည်။

မေးခွန်းနံပါတ် ၂(ခ)သည် ပေးထားသော စကားအသုံးအနှုန်းကို မည်သည့်အလင်္ကာမြောက်ကြောင်း ရှင်းပြရသော အလင်္ကာမေးခွန်းဖြစ်ပါသည်။ အလင်္ကာဖြေဆိုရာတွင် ကျောင်းသား ကျောင်းသူများ အမှန်တကယ်နားလည်ဖြေဆိုနိုင်သည့် အဖြေသဘောတွင် အကဲဖြတ်အမှတ်ပေးမည် ဖြစ်ပါသည်။ မိမိနားလည်တတ်မြောက်ထားသည့် အလင်္ကာသဘောကို မှန်ကန်စွာဖြေဆိုနိုင်လျှင် အမှတ်ပြည့်ရနိုင်မည်ဖြစ်ပါသည်။ ပေးထားမည့်အလင်္ကာ အရေအတွက်မှာ (၇) ခုဖြစ်ပြီး (၅)ခု ရွေးချယ်ဖြေဆိုရပါမည်။ ပေးမှတ်မှာ (၅)မှတ်ဖြစ်ပြီး တိတိကျကျ ဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုးဖြစ်ပါသည်။

**နမူနာ**

၂။ (ခ) အောက်ပါတို့အနက် **ငါးခု**ကို ရွေးချယ်ပြီး မည်သည့် အလင်္ကာမြောက်ကြောင်း ရှင်းပြပါ။

ရွှေရည်သောက်၊ နှင်းထက်သည်း၊ ဒင်္ဂါးဝိုင်းလောက်၊ အင်ဂျင်နီယာငှက်၊ မင်္ဂြမ်း၊ ဂလုံဆန်၊ ရွက်အုပ်သီးပူ။

**အဖြေ–** ရွှေရည်သောက်= ရွှေရည်လိမ်းကျံသည်ဟု တိုက်ရိုက်မရေးဘဲ ရွှေရည်သောက်ဟု သွယ်ဝိုက်ရေးဖွဲ့ထားသောကြောင့် ဝက်ဝုတ္တိအလင်္ကာမြောက်ပါသည်။

မေးခွန်းနံပါတ်၂(ဂ) သည် ရသစာပြဇာတ်စကားစပ် မေးခွန်းဖြစ်ပါသည်။ မေးထားသော စကားစပ်ပါဝင်သည့်အခန်းနှင့် စကားစပ်ဆိုင်ရာ အချက်(၅) ချက် (ဘယ်သူက၊ ဘယ်သူ့ကို၊ ဘယ်နေရာ၊ ဘယ်အချိန်၊ ဘယ်အတွက်ကြောင့် ပြောရန်ဟူသော အချက်များ) အတွက် (၃) မှတ်၊ ဘာကိုပြောသည်ဟူသော ဆိုလိုရင်းကို ရှင်းလင်းရေးသား ပြောဆိုခြင်းအတွက် (၂) မှတ် စုစုပေါင်း(၅) မှတ် ဖြစ်ပါသည်။ ဖြေဆိုရာတွင် လိုရင်းတိုရှင်းဖြေဆိုရန်၊ အခန်းနံပါတ်ကိုသာ ဖော်ပြခြင်းထက် အခန်းအမည်ကိုပါ ယှဉ်တွဲဖော်ပြရန်ပြုသင့်ပါသည်။ တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုးဖြစ်ပါသည်။

**နမူနာ**

၂။ (ဂ) တစ်ခါတစ်ရံ၊ လောကခံမှာ၊ ကံမျက်စိလည်လို့မှ၊ ပြောင်နိုင်တယ်မရှိ၊ ရေရွက်လို့ရောင်း၊ ဝမ်းကိုကျောင်းရတယ်၊ ခေါင်းကျိန်းလို့ ရိခဲ့ပြီ။ ပဲစိတစ်ဝက်၊ ပြောင်းတစ်ဝက်နှင့်၊ ဆန်ပြက်သိကာ၊ ပါကောင်းလို့ ပါတော့တယ်။

မေးခွန်းနံပါတ်၂(ဃ)သည် အပြောသင်ခန်းစာ မေးခွန်းတို့ ဖြစ်ပါသည်။ အပိုင်း(၁) အပြောသင်ခန်းစာတွင်ပါဝင်သော အခန်း(၃)မှ အကြောင်းအရာတစ်ခုခုကို မေးပါမည်။ ဖြေဆိုရာ တွင် လိုရင်းတိုရှင်း ရှင်းပြဖြေဆိုရန်ဖြစ်ပြီး ပေးမှတ်မှာ (၅)မှတ်ဖြစ်ပါသည်။ တိတိကျကျ ဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုးဖြစ်ပါသည်။

**နမူနာ**

၂။ (ဃ) စကားပြောခြင်းဆိုင်ရာ နည်းပရိယာယ်များမှ ပေါင်းဖွဲ့စည်းလုံးမှုနည်းပရိယာယ်အကြောင်းကို ရှင်းလင်းဖြေဆိုပါ။

**မေးခွန်းနံပါတ် (၃)**

မေးခွန်းနံပါတ်(၃)သည် ပြဋ္ဌာန်းစာအုပ်ပါ အပိုင်း(၂) အဖတ်အရွတ်သင်ခန်းစာ အခန်း(၁) ကဗျာ (၈) ပုဒ်မှ တစ်ပုဒ်ကို ရွေးချယ်မေးမြန်းသော ကဗျာမေးခွန်းရှည်ဖြစ်ပါသည်။ ဤမေးခွန်းကို စစ်ဆေးအကဲဖြတ်ရာတွင် ကျောင်းသား ကျောင်းသူများ၏ လေ့လာကျက်မှတ်မှုအတွက် ပေးမှတ် တစ်ဝက်၊ ကိုယ်ပိုင်အရေးအသားတင်ပြမှု စွမ်းရည်နှင့်အတူ မေးခွန်းကို အံဝင်ခွင်ကျဖြစ်အောင် တင်ပြနိုင်မှုအတွက် ပေးမှတ်တစ်ဝက်သတ်မှတ်ထားပါသည်။ မေးခွန်း၏ ရှုထောင့်အတိုင်း ဖြေဆိုရမည်ဖြစ်ပါသည်။ ကဗျာကို စကားပြေဖြေဆိုရေးသားမည်ဆိုပါက အချက်အလက်အားလုံး ပါဝင်သော်လည်း မေးခွန်း၏ ရှုထောင့်နှင့် မကိုက်ညီပါက ပေးမှတ်တစ်ဝက်အောက်သာရမည် ဖြစ်ပါသည်။ မေးခွန်း၏ရှုထောင့်နှင့် အာဘော်ကို သေသေချာချာဖတ်ရှုပြီး ကိုယ်ပိုင်အရေးအသားအတင်အပြဖြင့် ဖြေဆိုရန်ဖြစ်ပါသည်။ ဤမေးခွန်းအတွက် ပေးမှတ်မှာ (၁၀) မှတ်ဖြစ်ပါသည်။

**နမူနာ**

၃။ "ကမ္ဘောဇသို့"ကဗျာတွင် စာဆိုသည် မောရှမ်းတို့၏ ပေါ်ကြို့ပွဲတော်ကို မည်သို့သရုပ်ဖော် ရေးဖွဲ့ထားသနည်း။

**မေးခွန်းနံပါတ်(၄)**

မေးခွန်းနံပါတ်(၄)သည် ပြဋ္ဌာန်းစာအုပ်ပါ အပိုင်း(၂) အဖတ်အရွတ်သင်ခန်းစာ အခန်း(၂) စကားပြေ(၈) ပုဒ်မှ တစ်ပုဒ်ကို ရွေးချယ်မေးမြန်းသော စကားပြေမေးခွန်းရှည် ဖြစ်ပါသည်။ ဤမေးခွန်းကို စစ်ဆေးအကဲဖြတ်ရာတွင် ကဗျာမေးခွန်းရှည်နည်းတူ ကျောင်းသား ကျောင်းသူများ၏ လေ့လာကျက်မှတ်မှုအတွက် ပေးမှတ်တစ်ဝက်၊ မိမိကိုယ်ပိုင်အရေးအသား အတင်အပြစွမ်းရည်နှင့်အတူ မေးခွန်းကို အံဝင်ခွင်ကျဖြစ်အောင် ဖြေဆိုတင်ပြနိုင်မှုအတွက် ပေးမှတ်တစ်ဝက် သတ်မှတ်ထားပါသည်။ မေးခွန်း၏ရှုထောင့်အတိုင်း ဖြေဆိုရမည် ဖြစ်ပါသည်။

စာမျက်နှာ ၂၅ သို့ »»

## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မအူပင်အကျဉ်းထောင်မှ ပြစ်ဒဏ်ကျခံသူ ၈၄ ဦးအား လွတ်ငြိမ်းခွင့်ပြု

မအူပင် ဇန်နဝါရီ ၄

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူမှုရေးအရ ငဲ့ညှာထောက်ထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်၏ မေတ္တာနှင့်စေတနာကို နားလည်စေရန် ရှေးရှုသောအားဖြင့်လည်းကောင်း ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်က မအူပင်အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံနေသူ ၈၄ ဦးအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁)အရ စည်းကမ်းသတ်မှတ်ချက်ဖြင့် လွတ်ငြိမ်းခွင့်ပြုခဲ့သည်။

မအူပင်အကျဉ်းထောင်မှ လွတ်ငြိမ်းခွင့်ရရှိသော အကျဉ်းသား ၆၅ ဦး၊ အကျဉ်းသူ ၁၉ ဦးတို့အား မအူပင်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့် တာဝန်ရှိသူများက ဆုံးမသြဝါဒစကားများ ပြောကြားသည်။ ယင်းနောက် အကျဉ်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးကျော်သူက ခရီးစရိတ်များပေးအပ်ပြီး လွတ်ငြိမ်းခွင့်ပြုလုပ်ပေးခဲ့ရာ မိသားစုများက ဝမ်းသာစွာဖြင့် လာရောက်ကြိုဆိုကြကြောင်း သိရသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

## ဒဂုံမြို့နယ်၌ ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၄

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ဦးဘလွင်ခန်းမ၌ ယမန်နေ့နံနက် ၈ နာရီက ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင် (၂) ဦးမြင့်အေးက အမှာစကား ပြောကြားသည်။

ဆက်လက်၍ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး ကျောင်းသား မြို့မဆု၊ မြို့မ မောင်မယ်ဆုနှင့် (သက်ပြည့်) သင်ကြားရေး ထူးချွန်ဆုရရှိသူ ဆရာမများ၊ စာပေထူးချွန်ဆုရရှိသူများ၊ (A)အဆင့်ဖြင့် အောင်မြင်သူများ၊ တိုင်းအဆင့်၊ မြို့နယ်အဆင့်၊ ကျောင်းအဆင့် ဘက်စုံထူးချွန်ဆုရရှိသူများ၊ အားကစားပြိုင်ပွဲများတွင် ဆုရရှိသူများ၊ ကျောင်းလုပ်ငန်းဆု ရရှိသူများနှင့် စာဖတ်ရှိန် မြှင့်တင်ရေးလှုပ်ရှားမှုတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကျော်သူဟိန်း(ပြန်/ဆက်)**

## နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး



သုံးခွ ဇန်နဝါရီ ၄

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ပုလဲကျေးရွာ၌ နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးခြင်းကို ဇန်နဝါရီ ၄ ရက်က လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ဦးစီးမှူး ဦးထွန်းဆွေနှင့် တာဝန်ရှိသူများက ကာယကံရှင်များတင်ပြသော သက်သေခံအချက်အလက် အထောက်အထားများစိစစ်ပြီး ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

❖ ကျောဖုံးမှ

ပုဒ်မ ၁၉(စ)အရ ပြစ်မှုများ၊ ၁၉၄၉ ခုနှစ် လက်နက် (အရေးပေါ်ပြဋ္ဌာန်းချက်) (ယာယီ)အက်ဥပဒေအရ ပြစ်မှုများ၊ ၁၉၅၁ ခုနှစ် လက်နက်(ယာယီပြင်ဆင်ချက်) အက်ဥပဒေအရပြစ်မှုများ၊ ၁၉၇၈ ခုနှစ် ရှမ်းပြည်နယ် လက်နက်အမိန့်အရပြစ်မှုများ၊ ၂၀၂၃ ခုနှစ် လက်နက် ဥပဒေအရပြစ်မှုများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေတတ်သောဆေးဝါးများဆိုင်ရာဥပဒေအရ ပြစ်မှုများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေအရပြစ်မှုများ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရပြစ်မှုများနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေအရ ပြစ်မှုများမှအပ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ပြစ်ဒဏ် ချမှတ်ခြင်းခံရပြီး အကျဉ်းထောင်/ အချုပ်ထောင်/ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/အကျဉ်းသူများကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ ယင်းတို့ကျခံရန် ကျန်ရှိသောပြစ်ဒဏ်၏ ခြောက်ပုံတစ်ပုံကို လွတ်ငြိမ်းသက်သာခွင့်အားလည်းကောင်း၊ နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်/ အချုပ်ထောင်/ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/ အကျဉ်းသူ ၆၁၃၄ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ "နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန် ကျန်ရှိသောပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်" ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသောပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် ပြစ်မှုကျူးလွန်ခဲ့သည့် အကျဉ်းသား အကျဉ်းသူများကို ၎င်းတို့ ကျူးလွန်ခဲ့သည့်ပြစ်မှုများအရ အကျဉ်းထောင်အတွင်း ပြစ်ဒဏ်များချမှတ်ခဲ့သော်လည်း အကျဉ်းထောင်နှင့် အကျဉ်းစခန်းများအတွင်း လူမှုရေး၊ ကျန်းမာရေးဆိုင်ရာများနှင့် အခြားရသင့်သည့် လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့်အညီ ကောင်းမွန်ပြည့်စုံစွာ ဆောင်ရွက်ပေးထားပြီး ယခုပြန်လည် လွတ်မြောက်လာသည့်အချိန်တွင် မိဘဆွေမျိုးများက ဝမ်းပန်းတသာဖြင့် ကြိုဆိုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

»»» စာမျက်နှာ ၂၄ မှ

မေးခွန်း၏ရှုထောင့်ကို သတိမထားဘဲ မိမိကျက်မှတ်ထားသည့်အပုဒ်နှင့် ခေါင်းစဉ်တူသဖြင့် အချက်အလက်များကိုသာ ရေးသားပါက ပေးမှတ် တစ်ဝက်အောက်သာ ရရှိမည်ဖြစ်ပါသည်။ ဤမေးခွန်းအတွက် ပေးမှတ်မှာ (၁၀) မှတ်ဖြစ်ပါသည်။

**နမူနာ**

၄။ "သစ္စာနှင့်ပညာ" ဝတ္ထုစကားပြေမှ ရရှိသောအကျိုးကျေးဇူးများကို ဝေဖန်သုံးသပ်ပါ။

**မေးခွန်းနံပါတ်(၅)**

မေးခွန်းနံပါတ်(၅)သည် ပြဋ္ဌာန်းစာအုပ်ပါ အခန်း(၂) အဖတ်အရွှတ်သင်ခန်းစာ အခန်း(၃) ရေသည်ပြဇာတ်မှ အကြောင်းအရာ သို့မဟုတ် အရေးအသားကို မေးမြန်းသော ပြဇာတ်မေးခွန်းရှည် ဖြစ်ပါသည်။ ပြဇာတ်သဘောတရားနှင့် ဆက်စပ်ကာ မေးသည့် အကြောင်းအရာပိုင်းလည်း ဖြစ်နိုင်ပါသည်။ ကျောင်းသား ကျောင်းသူများသည် ပြဇာတ်ကိုလေ့လာရာတွင် ပြဇာတ်သဘောသဘာဝနှင့် ပြဇာတ်အင်္ဂါရပ်ကို သိရှိနားလည်ရန်၊ ပြဇာတ်၏ အရသာကို ခံစားတတ်စေရန်၊ ပြဇာတ်အရေးအဖွဲ့၏ စာပေလက်ရာများကို အကဲဖြတ်နိုင်ရန် လိုအပ်လှပါသည်။ ပြဇာတ်၏သဘောသဘာဝ၊ ပြဇာတ်၏ ဖန်တီးမှုအတတ်ပညာ၊ ပြဇာတ်၏ အရေးအသားတို့ကို သိရှိနားလည် လေ့လာဆည်းပူးထားရမည်ဖြစ်ပါသည်။ ဤမေးခွန်းအတွက် ပေးမှတ်မှာ (၁၀)မှတ် ဖြစ်ပါသည်။

**နမူနာ**

၅။ ရေသည်ပြဇာတ်မှ ဇာတ်ဆောင်စရိုက်အဖွဲ့များကို ဆန်းစစ်တင်ပြပါ။

**မေးခွန်းနံပါတ်(၆)**

မေးခွန်းနံပါတ်(၆)သည် စာစီစာကုံးမေးခွန်းဖြစ်ပြီး မေးခွန်းတွင် (၂)ပုဒ်မေးကာ (၁)ပုဒ် ဖြေဆိုရမည်ဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူများ၏ ပင်ကိုအရည်အသွေးကို ဖော်ထုတ်နိုင်ဆုံးသော မေးခွန်းဖြစ်ပါသည်။ ကိုယ်ပိုင်ဗဟုသုတအတွေးအခေါ်ကို ကိုယ်ပိုင်စကားပြေ အရေးအသားဖြင့် ရေးသားရခြင်းဖြစ်သည့်အတွက် ကျောင်းသား ကျောင်းသူများ၏ကိုယ်ခံကို စာစီစာကုံးဖြင့် အကဲဖြတ်ခြင်း ဖြစ်ပါသည်။ စာစီစာကုံးရေးသားရန် ပုံကြမ်းအချက်အလက် (၅)ချက် ပေးထားပြီး အချက်တစ်ချက်ကို စာတစ်ပိုဒ်နှုန်းဖြင့် ဖြေဆိုရမည်ဖြစ်ပါသည်။ စာစီစာကုံးဖြေဆိုရာတွင် ပုံကြမ်းအချက်အလက်ကို အခြေမခံဘဲ အလွတ်ကျက်မှတ်ဖြေဆိုပါက အမှတ်မရနိုင်သည်ကိုလည်း သတိပြုသင့်ပေသည်။ ဤမေးခွန်းအတွက် ပေးမှတ်မှာ (၁၀) မှတ် ဖြစ်ပါသည်။

**နမူနာ**

၆။ နှစ်သက်ရာ**တစ်ခု**ကို စာစီကုံးပါ။

၁။ **မိဘကျေးဇူးမြင်းမိုရ်ဦး**
- မိဘတို့၏ ကျေးဇူးတရားကြီးမားပုံ
- မိဘပြစ်မှားသူတို့ ဆင်းရဲဒုက္ခရောက်တတ်ပုံ
- မိဘမပြစ်မှားသူတို့ အကျိုးကျေးဇူးခံစားရပုံ
- မိဘတို့၏ကျေးဇူးကို တစ်ဖန်ပြန်လည်ဆပ်သင့်ပုံ
- မိဘတို့၏ကျေးဇူးတရားနှင့် မိမိအမြင်

၂။ **လှပသာယာပြည်မြန်မာ**
- တောတောင်ရေမြေ သဘာဝအလှများဖြင့် ပြည့်ဝနေပုံ
- သယံဇာတပစ္စည်းများပေါကြွယ်ဝပုံ
- ထင်ရှားသောနေရာဒေသများဖြင့်လှပသာယာပုံ
- ရိုးရာလေ့အလိုက်ပွဲတော်များကျင်းပကြပုံ
- မိမိအတွေးနှင့်အမြင်

**မေးခွန်းနံပါတ်(၇)**

မေးခွန်းနံပါတ်(၇)သည် အဆိုတစ်ရပ်ကို ဖတ်ရှုပြီး မိမိနှစ်သက်ရာဘက်မှ ရပ်တည်ဆွေးနွေးစေသော အဆိုဆွေးနွေးမေးခွန်းမျိုး ဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူများ၏ ကိုယ်ပိုင်စဉ်းစားဉာဏ်၊ အတွေးအခေါ်နှင့် ပင်ကိုအရည်အသွေးတို့ကို ဖော်ထုတ်ပြသည့် မေးခွန်းဖြစ်သဖြင့် ကိုယ်ပိုင်အတွေးအခေါ် စိတ်ကူးစိတ်သန်းကောင်း လျှင်ကောင်းသလောက် အရေးအသား အတတ်အပြကောင်းလျှင် ကောင်းသလောက်အမှတ်ရနိုင်မည့် မေးခွန်းဖြစ်ပါသည်။ အဆိုဆွေးနွေး အရေးအသားသည် အလေ့အကျင့်များများပြုလုပ်ထားဖို့ လိုအပ်သည့် မေးခွန်းဖြစ်သဖြင့် ကျောင်းသား ကျောင်းသူများအနေဖြင့် အလေ့အကျင့်များများပြုလုပ်ကာ အရေးအသားကို အဆင်ပြေချောမွေ့စွာရေးတတ်ပြီး အပြန်အလှန်ဆွေးနွေးတတ်သည့် အလေ့အကျင့်ကောင်းများကိုလည်း ရရှိနိုင်သည့်အတွက် ကျောင်းသား ကျောင်းသူများ၏ အတွေးနှင့် အရေးအသားစွမ်းရည်ကို ဖော်ထုတ်ပေးသည့် မေးခွန်းမျိုးဖြစ်ပါသည်။

**နမူနာ**

၇။ အောက်ပါအဆိုများအနက်**တစ်ခု**ကို ထောက်ခံ၍ဖြစ်စေ၊ ကန့်ကွက်၍ဖြစ်စေ ဆွေးနွေးပါ။

(၁) စာဖတ်ခြင်းသည် အင်တာနက်သုံးခြင်းထက် ပို၍ အကျိုးရှိသည်။

(၂) နိုင်ငံသားတိုင်းသည် မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်သင့်သည်။

ဤမေးခွန်းကို ဖြေဆိုရာတွင် ရေးသားချိန်သည် မိနစ် (၂၀၊ ၂၅) မိနစ်ခန့်သာ ရရှိနိုင်သည့်အတွက် ရရှိမည့်အချိန်အတိုင်းအတာကို သတိပြုရမည်ဖြစ်ပါသည်။ စာပိုဒ် လေးပိုဒ်သာ ရေးသားဖြေဆိုသင့်ပြီး ပထမစာပိုဒ်သည် နိဒါန်း၊ ဒုတိယစာပိုဒ်နှင့် တတိယစာပိုဒ်တို့သည် စာကိုယ်၊ စတုတ္ထစာပိုဒ်သည် မိမိရပ်တည်ချက်ကို အတည်ပြုသည့် နိဂုံးဖြစ်ပါသည်။ စာတစ်ပိုဒ်အတွက် ရေးသားချိန်သည် (၅) မိနစ်ခန့်သာ အသုံးပြုသင့်သည့်အတွက် ပေးမှတ်နှင့် ချိန်ဆကာ မည်မျှရေးသင့်သည်ကို တွေးဆရမည်ဖြစ်ပါသည်။ ယေဘုယျအားဖြင့် အဆိုဆွေးနွေးချက်ကို စစ်ဆေးအကဲဖြတ်ရာတွင် နိဒါန်းနှင့် နိဂုံး (၂)မှတ်စီ၊ စာကိုယ်များကို (၃)မှတ်စီ လျာထားသတ်မှတ်ပါသည်။

တက္ကသိုလ်ဝင်တန်း မြန်မာစာဘာသာရပ်သည် မြန်မာအပြောစကား၊ မြန်မာအရေးအသား၊ မြန်မာစာပေ၏ အနှစ်သာရတို့ကို လေ့လာသင်ယူဖြေဆိုရသည့် ဘာသာရပ် ဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူများသည် ဓမ္မဓိဋ္ဌာန်မေးခွန်းများ၊ အဓိပ္ပာယ်ဖွင့်ဆိုချက်မေးခွန်းများကို ဖြေဆိုရာတွင် အချက်အလက်တိတိကျကျ ကျက်မှတ်ရသည့်နည်းတူ အမှန်တကယ် နားလည်သဘောပေါက်အောင်လည်း အားထုတ်ကြိုးပမ်းရမည် ဖြစ်ပါသည်။ ကဗျာမေးခွန်းရှည်၊ စကားပြေမေးခွန်းရှည်၊ ရေသည်ပြဇာတ်မေးခွန်းရှည်များကို ဖြေဆိုရာတွင် မိမိ၏စိတ်ကူး စိတ်သန်းအတွေးအခေါ်၊ အရေးအသားစွမ်းရည်တို့ကို ပြသရမည့်နည်းတူ စာစီစာကုံးနှင့် အဆိုဆွေးနွေးချက် မေးခွန်းရှည်များကို ဖြေဆိုရာတွင် ကောင်းစွာနားလည် သဘောပေါက်အောင် ဖတ်ရှုပြီး ကိုယ်ပိုင်အတွေး စိတ်ကူးဉာဏ်နှင့် အရေးအသားတို့ဖြင့် ပေါင်းစပ်ကာ ရေးသားဖြေဆိုရမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်တန်း ဖြေဆိုမည့် ကျောင်းသား ကျောင်းသူအားလုံး စာမေးပွဲကို ကောင်းစွာဖြေဆိုနိုင်ပြီး ထူးထူးချွန်ချွန် အောင်မြင်ကြပါစေကြောင်း ဆန္ဒပြုလိုက်ပါသည်။

## "ဝမ်းမြောက်၊ ကြည်နူး၊ ဂုဏ်ပြုအပ်ပါသည်"

ဘုရား၊ သိမ်၊ ကျောင်း၊ ရဟန်း တို့၏ ဒါယိကာမကြီး "မြတ်မွန်ရတနာ စိန်နှင့် ရတနာရောင်းဝယ်ရေးလုပ်ငန်း" **တည်ထောင်သူ** (Founder)

"မြတ်မွန်ရတနာမိသားစု၏" မိခင်ကြီး

**ဒေါ်ခင်မာချစ် [စာရေးဆရာမကြီး - နိုင်ယဉ်မွန် (ဝိဇ္ဇာ - သိပ္ပံ)]**သည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏

(၂၀၂၆)ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၁/၂၆) အရ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ဖြစ်သော ....

**"သီဟသုဓမ္မသိင်္ဂီ"**

ဘွဲ့တံဆိပ်တော်ချီးမြှင့်ခံခဲ့ရပါသည်။

ချစ်ဇနီး "ချစ်ချစ်" "အန်တီချစ်" "ဖွားချစ်" "စာရေးဆရာကြီး နိုင်ယဉ်မွန် (ဝိဇ္ဇာ - သိပ္ပံ)" ၏

သာသနာရေးဆိုင်ရာလှူဒါန်းမှုဓမ္မဒါနအစုစုနှင့် သာသနာပြုလုပ်ငန်းများအပေါ် နိုင်ငံတော်အစိုးရမှ အသိအမှတ်ပြုဘွဲ့တံဆိပ်တော်

ချီးမြှင့်ခံယူရရှိမှုအတွက် "မြတ်မွန်ရတနာမိသားစု" မှ အထူးဝမ်းမြောက်၊ ကြည်နူး၊ ဂုဏ်ယူပါသည်။

"ချစ်ချစ်" "အန်တီချစ်" "ဖွားချစ်" "ဒေါ်ခင်မာချစ်" စာရေးဆရာကြီး "နိုင်ယဉ်မွန် (ဝိဇ္ဇာ - သိပ္ပံ)" သည် ယခုဘဝပြုခဲ့သည့်

ဒါန. သီလ. ဘာဝနာကောင်းမှုကုသိုလ်အစုစု၏ အဖို့ဘာဂအကျိုးအားကြောင့် မဂ်ဖိုလ် နိဗ္ဗာန်သို့ရောက်ရာရောက်ကြောင်း

အထောက်အပံ့ကောင်းဖြစ်ပါစေသတည်း။

သာဓု ... သာဓု ... သာဓု

| | | |
|---|---|---|
| ချစ်ခင်ပွန်း | - | ဗိုလ်မှူးကြီးမြင့်ဆွေ (ငြိမ်း) |
| သား | - | ဗိုလ်မှူးမျိုးအောင် (ငြိမ်း)၊ သမီး - မခိုင်ဆုမြင့်မွန် |
| မြေး | - | မောင်ဘုန်းမြတ်ပြည့်စုံ၊ မောင်မြင့်မြတ်ပြည့်စုံ |

(မြတ်မွန်ရတနာမိသားစု)

### "ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ်(၂၁၈) ဟုခေါ်တွင်သော မြေကွက်ပေါ်၌ HTUN MYAT AUNG Co.,LTD မှ တာဝန်ယူဆောက်လုပ်ထားသော ကွန်ဒိုတိုက်ခန်းများအနက်မှ BLOCK (C),THE CENTURY ROOM (2402),24 Floor, 3172.0S sqft အကျယ်ရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား HTUN MYAT AUNG Co.,LTD မှ အပေါင်အနှံ၊ အရှုပ်အရှင်းကင်းစွာဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ထုတ်ဖော်ကမ်းလှမ်းပြောဆိုချက်အရ ကျွန်ုပ်၏မိတ်ဆွေများမှ အပိုင်ဝယ်ယူရန်တွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ရာ အဆိုပါ ကွန်ဒိုတိုက်ခန်း အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ခင်ကြည်မွန်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၀၅၂)**
**အမှတ် (၆၀)၊ စရည်းပင်လမ်း၊ (က) ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၁၁၄၁၄၁၊ ၀၉-၄၀၀၁၀၀၁၄၁၄**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃/မာန်ပြေ)၊ မြေကွက်အမှတ်(၇၅၀/ခ)၊ ဧရိယာ (၂၀'x ၆၀')၊ မြေကွက်တည်နေရာအမှတ်(၇၅၀/ခ)၊ မာန်ပြေ(၁၄)လမ်းအရှေ့၊ ၃/မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ မစမ်းစမ်းအေး (TKA-၀၃၇၁၅၁)အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်စမ်းစမ်းအေး [၁၂/သကတ(နိုင်)၀၄၅၄၃၀](TKA-၀၃၇၁၅၁)ကိုယ်တိုင်မှဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ မြေစာရင်းမှတ်ချက်(၉)အရ ၂၀၁၇ ခုနှစ်တွင် ဒေါ်စမ်းစမ်းအေးမှ ဘဏ်ငွေချေးရန် မြေပုံကူးလျှောက်ထားခဲ့ခြင်းနှင့်ပတ်သက်၍ အဆိုပါ ဘဏ်ငွေချေးရန်မှတ်ချက်ပါသည့် မြေပုံမြေရာဇဝင်မူရင်းသည် အသုံးပြုခဲ့ရခြင်းလုံးဝမရှိဘဲ သိမ်းဆည်းထားရာမှ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ပါကြောင်း (၇-၁၁-၂၀၂၅)ရက်စွဲပါ တရားရုံးကျမ်းကျိန်လွှာ၊ (၁၁-၁၁-၂၀၂၅)ရက်စွဲပါ ဝန်ခံကတိပြုစာတို့တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၉)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်-၂၉၊ Brilliance Mansion Condo ၏ တိုက်- R-1, အခန်းအမှတ်- 07-02, (၁၁၅၄.၇၅ စ/ပေ) အကျယ်ရှိ ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

အထက်ဖော်ပြပါလိပ်စာရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင် လက်ရှိပိုင်ဆိုင်သူများဖြစ်ကြသည့် **ဦးတင်ညွှန့် [၁၂/တမန(နိုင်)၀၃၆၃၃၄]နှင့် ဒေါ်ကြည်ကြည်ဝင်း [၁၂/တမန(နိုင်)၀၃၆၄၅၈]**တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသဖြစ်သည့် စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်စောဦး**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၇၀၂)**
**Brilliance Mansion Condo, တိုက်- R-1, အခန်းအမှတ်- 01-06**
**မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀/မြို့မမြောက်ရပ်၊ ရတနာဒီပရပ်ကွက်မှ မြေဧရိယာ(၀.၀၅၅)ဧကရှိ ဒေါ်အေးအေးကြူ မှတ်ပုံတင်အမှတ်[၁၂/ဗတထ(နိုင်)၀၂၀၀၇၆]၊ အဖအမည် ဦးခင်လှိုင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၃၃၆၂၅)ကိုနေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၁၄၃၆/၂၀၁၄(၃၁-၁၂-၂၀၁၄)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးဇော်ဇော်အောင် မှတ်ပုံတင်အမှတ်[၁၃/ကဖန(နိုင်)၀၀၀၂၅၉] အဖအမည် ဦးစံအောင်မှ ဦးမင်းခန့်အောင် မှတ်ပုံတင်အမှတ် [၇/ပမန(နိုင်)၁၈၅၃၆၆] နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးပေးပါရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### မွေးသက္ကရာဇ်အမှန်

တပ်ကုန်းမြို့နယ်၊ အထက (ရွှေမြို့)ကျောင်းတွင် မူလတန်းပြ တာဝန် ထမ်းဆောင်နေသော ဆရာမ ဒေါ်ဝါဝါဦး [၉/တကန(နိုင်)၀၉၄၉၅၇]၏ မွေးသက္ကရာဇ် အမှန်မှာ ၇-၉-၁၉၆၅ ဖြစ်ပါကြောင်း။

**ဒေါ်ဝါဝါဦး**

### မွေးသက္ကရာဇ်အမှန်

တပ်ကုန်းမြို့နယ်၊ အထက (ရွှေမြို့)ကျောင်းတွင် အလယ်တန်းပြတာဝန် ထမ်းဆောင်နေသော ဆရာမ ဒေါ်မြမြ [၉/တကန(နိုင်)၀၇၅၂၅၆]၏ မွေးသက္ကရာဇ် အမှန်မှာ ၃၀-၁၀-၁၉၆၇ ဖြစ်ပါကြောင်း။

**ဒေါ်မြမြ**

### မွေးသက္ကရာဇ်အမှန်

တပ်ကုန်းမြို့နယ်၊ အထက (ရွှေမြို့)ကျောင်းတွင် မူလတန်းပြ တာဝန် ထမ်းဆောင်နေသော ဆရာမ ဒေါ်ခင်သန်းနွယ်[၉/တကန(နိုင်)၀၆၄၅၃၆]၏ မွေးသက္ကရာဇ် အမှန်မှာ ၂၈-၈-၁၉၆၇ ဖြစ်ပါကြောင်း။

**ဒေါ်ခင်သန်းနွယ်**

### ပတ်စ်ပို့ပျောက်

(ဘ) ဦးဟန်စီ၏ သမီး မဇင်ညိုဟန် [၁၀/ရမန(နိုင်)၀၇၉၁၆၈]၏ နိုင်ငံကူးလက်မှတ်နံပါတ် **MJ 806200** သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-799153965**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

## တာချီလိတ်မြို့၌ ပညာရေးစုံညီပွဲတော်အခမ်းအနား ကျင်းပ



**တာချီလိတ် ဇန်နဝါရီ ၄**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်အခမ်းအနားကို ယနေ့နံနက် ၉ နာရီက မကာဟိုခမ်းရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း (တာချီလိတ်) ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးတင့်ဝေသုံ၊ ခရိုင်ပညာရေးမှူး ဒေါ်ခင်ဝင်းကြည်နှင့် မြို့မိမြို့ဖ ဦးဇော်မြင့်တို့က ပညာရေးစုံညီပွဲတော် အခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီးက အမှာစကားပြောကြားပြီး အထက (တာချီလိတ်) အထက်တန်းပြဆရာမ ဒေါ်မြင့်မြင့်သန်းက ကျောင်းအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် လူရည်ချွန်ဆုရရှိသူများ၊ ဗဟိုအဆင့်နှင့် မြို့နယ်အဆင့် E/M ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများ၊ နေ့ကြီးရက်ကြီးအထိမ်းအမှတ် ကဗျာ၊ စာစီစာကုံး၊ ပန်းချီ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် အားကစားပြိုင်ပွဲများတွင် ဆုရရှိသူများကို လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျာလင်း (ပြန်/ဆက်)**

## လှည်းကူးမြို့နယ်၌ "ဒို့အတူတူ မဲပေးကြမယ်" ရွေးကောက်ပွဲဆိုင်ရာ လှုံ့ဆော်ရေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**လှည်းကူး ဇန်နဝါရီ ၄**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်တွင် ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူများပါဝင်ဆန္ဒမဲပေးနိုင်ရေး "ဒို့အတူတူ မဲပေးကြမယ်" ရွေးကောက်ပွဲဆိုင်ရာ လှုံ့ဆော်ရေးလက်ကမ်းစာစောင်များကို လှည်းကူးမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ယနေ့နံနက် ၈ နာရီက ဖြန့်ဝေပေးလျက်ရှိသည်။

အဆိုပါလက်ကမ်းစာစောင်များဖြန့်ဝေရာတွင် လှည်းကူးမြို့နယ် ဆားတလင်းလမ်းဆုံနှင့် ဈေး၊ အင်းတိုင်ဈေး၊ ဇရပ်ကွင်းဈေး စသည့်နေရာများတွင် လှည်းကူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးဦးပြည့်ဖြိုးထွန်းနှင့် တာဝန်ရှိသူများက ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# နိုင်ငံတော်မှချီးမြှင့်သည့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် စီမံထူးချွန်တံဆိပ်(ပထမဆင့်) ဂုဏ်ပြုချီးမြှင့်ခံရသော

## ဒေါ်နန်းခမ်းနောင်

**Founder နှင့် ဂုဏ်ထူးဆောင်နာယက၊ မြန်မာနိုင်ငံအီလက်ထရောနစ်အားကစားအဖွဲ့ချုပ်အား**
**အထူးဂုဏ်ယူဝမ်းမြောက်ဂုဏ်ပြုခြင်းနှင့်**
**သမိုင်းဝင်မြန်မာ့ဂုဏ်ဆောင် Esports ကမ္ဘာ့ချန်ပီယံအသင်း၏ ပွဲကိုင်ပုဂ္ဂိုလ်**
**မြန်မာနိုင်ငံအီလက်ထရောနစ်အားကစားအဖွဲ့ချုပ် ဦးဆောင်နာယကကြီးအား**
**အထူးကျေးဇူးတင်ဂုဏ်ပြုလွှာ**





ဆော်ဒီအာရေဗျနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သော Esports အားကစား ကမ္ဘာ့ဖလား ၂၀၂၅ ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် Yangon Galacticos အသင်းက အမြင့်ဆုံး **'ကမ္ဘာ့ချန်ပီယံ (World Champion)ဆု'** ကို ထိုက်ထိုက်တန်တန် ဆွတ်ခူးကာ **"မြန်မာနိုင်ငံ၏ ပထမဆုံး ကမ္ဘာ့ချန်ပီယံရွှေတံဆိပ်ဆုရအားကစားအဖွဲ့ချုပ်"အဖြစ်** သမိုင်းဝင်အောင်မြင်မှုရယူခဲ့ပြီး မျိုးဆက်သစ်မြန်မာလူငယ်များအားလုံးအတွက် ကမ္ဘာနှင့်ယှဉ်ပြိုင် ရင်ပေါင်တန်းနိုင်သည့် ပြယုဂ်တစ်ခုအဖြစ် **လူငယ်များကိုစိတ်ဓာတ်ခွန်အားတက်ကြွမြင့်မားစေခဲ့ပြီးဖြစ်ပါသည်။**

မြန်မာနိုင်ငံအီလက်ထရောနစ်အားကစားအဖွဲ့ချုပ် (MESF) စတင်တည်ထောင်သည့် အချိန်မှစ၍ ယခု သမိုင်းဝင်အောင်မြင်မှုကြီး ရရှိစေနိုင်ရန်အတွက် **နှစ်စဉ် ကျပ်သန်းပေါင်း(၄၀၀၀)ကျော်** အဓိကပံ့ပိုးကူညီလှူဒါန်းပြီး စဉ်ဆက်မပြတ် ဦးဆောင်လမ်းညွှန်စီမံ၍ သမိုင်းဝင်မြန်မာ့ဂုဏ်ဆောင် ကမ္ဘာ့ချန်ပီယံအသင်းအား ကြိုဆိုဂုဏ်ပြုပွဲကို ရန်ကုန်မြို့နှင့် တောင်ကြီးမြို့တွင် ခမ်းနားစွာကျင်းပပြီး ဆုငွေကျပ်သိန်းပေါင်း(၁၀၀၀၀)နှင့် မြေကွက်(၉)ကွက်တို့ကို ထိုက်တန်စွာဂုဏ်ပြုချီးမြှင့်ပေးပါသော

## KBZ Bank / KBZ Group ၏ တည်ထောင်သူ

## နာယကကြီး ဦးအောင်ကိုဝင်း

**ဦးဆောင်နာယကကြီး၊ မြန်မာနိုင်ငံအီလက်ထရောနစ်အားကစားအဖွဲ့ချုပ်အား အထူးကျေးဇူးတင်ဂုဏ်ပြုအပ်ပါကြောင်းနှင့် နိုင်ငံတော်မှချီးမြှင့်သည့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် စီမံထူးချွန်တံဆိပ်(ပထမဆင့်) ဂုဏ်ပြုချီးမြှင့်ခံရသည့် အဖွဲ့ချုပ် Founder နှင့် ဂုဏ်ထူးဆောင်နာယက ဒေါ်နန်းခမ်းနောင်အား အထူးဂုဏ်ယူဝမ်းမြောက်ဂုဏ်ပြုအပ်ပါကြောင်း လေးစားစွာဖြင့် မှတ်တမ်းတင်အပ်ပါသည်။**

Founder ၊ ဥက္ကဋ္ဌ နှင့် Myanmar Esports အားကစားလူငယ်များ
မြန်မာနိုင်ငံအီလက်ထရောနစ်အားကစားအဖွဲ့ချုပ်
၁၃၈၇ ခုနှစ်၊ ပြာသိုလဆုတ်(၃)ရက်နေ့ ( ၅ -၁-၂၀၂၆)

# “ ဂုဏ်ယူဝမ်းမြောက်ခြင်း ”

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၆) ဖြင့်
၂၀၂၅-ခုနှစ် ဆော်ဒီကမ္ဘာ့ဖလား Esports ပြိုင်ပွဲကြီးတွင် “ကမ္ဘာ့ချန်ပီယံရွှေတံဆိပ်ဆု” ဆွတ်ခူးရရှိအောင်
စွမ်းဆောင်နိုင်ခဲ့သော မြန်မာလူငယ် အားကစားသမားများအား ကမ္ဘာ့ချန်ပီယံဖြစ်သည်အထိ
စွမ်းစွမ်းတမံစီမံခန့်ခွဲ ဦးဆောင်လမ်းပြပံ့ပိုးပေးခဲ့ကြသည့်
မြန်မာနိုင်ငံ Esports အဖွဲ့ချုပ် နာယက ၊ ဥက္ကဋ္ဌ နှင့် တာဝန်ရှိသူများအား
စီမံထူးချွန်ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရပါသည်။

## စီမံထူးချွန် (ပထမဆင့်)

( က ) **ဒေါ်နန်းခမ်းနောင်** - နာယက ၊ မြန်မာနိုင်ငံ Esports အဖွဲ့ချုပ်

## စီမံထူးချွန် (ဒုတိယဆင့်)

( ခ ) **ဒေါက်တာကောင်းမြတ်စံ** - ဥက္ကဋ္ဌ ၊ မြန်မာနိုင်ငံ Esports အဖွဲ့ချုပ်

## စီမံထူးချွန် (တတိယဆင့်)

( ဂ ) **ဦးကျော်ထက်လင်း** - ဒုဥက္ကဋ္ဌ ၊ မြန်မာနိုင်ငံ Esports အဖွဲ့ချုပ်

( ဃ ) **ဒေါက်တာကောင်းမြတ်ထွန်း** - ဒုဥက္ကဋ္ဌ ၊ မြန်မာနိုင်ငံ Esports အဖွဲ့ချုပ်

ယခုကဲ့သို့ နိုင်ငံတော်မှချီးမြှင့်သည့် ဂုဏ်ထူးဆောင်ဆုတံဆိပ်များကို ထိုက်တန်စွာ ရရှိခဲ့ကြသော
မြန်မာနိုင်ငံ Esports အဖွဲ့ချုပ် နာယက ၊ ဥက္ကဋ္ဌ နှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ အားလုံးအတွက်
အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံအီလက်ထရောနစ်အားကစားအဖွဲ့ချုပ် (MESF)**

❖ အနာဂတ်တိုင်းပြည်အတွက် စိတ်ဓာတ်စည်းကမ်းကောင်းမွန်သည့်၊ အရည်အသွေးပိုမိုကောင်းမွန်သည့် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရေး ဆရာ ဆရာမများအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလို…

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇွန် ၁၁ ရက်နေ့တွင် ပြင်ဦးလွင်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း စုံညီခန်းမ၌ ဆရာ ဆရာမများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အလံတင်အခမ်းအနားများ၊ ပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများနှင့် ဂုဏ်ပြုမီးအလှထွန်းညှိခြင်းများပြုလုပ်

**နေပြည်တော် ဇန်နဝါရီ ၄**

ယနေ့သည် မြန်မာတစ်မျိုးသားလုံး ဝမ်းသာပျော်ရွှင်မဆုံးဖြစ်ရသော (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ဖြစ်သည်နှင့်အညီ လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားများ၊ အထိမ်းအမှတ်ပျော်ပွဲရွှင်ပွဲများနှင့် အားကစားပြိုင်ပွဲများကို မြန်မာနိုင်ငံအနှံ့အပြားရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

**စည်ကားများပြားလျက်ရှိ**

ယင်းအပြင် တန်ခိုးကြီးဘုရားစေတီများ၊ ပန်းခြံများ၊ အများနှင့်သက်ဆိုင်သောနေရာများ၌ ဘုရားဖူးမြော်သူများနှင့် လာရောက်အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်မြို့၊ မန္တလေးမြို့ကြီးများအပါအဝင် အခြားမြို့ကြီးများ၌ လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုမီးအလှထွန်းညှိခြင်းများ ဆောင်ရွက်ကြရာ လာရောက်ကြည့်ရှုသူ မိဘပြည်သူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အများပြည်သူရုံးပိတ်ရက်တွင် မန္တလေးမြို့ ရတနာပုံဥယျာဉ်၌ အပန်းဖြေလာရောက်သူများဖြင့် စည်ကားများပြားလျက်ရှိသည်ကို တွေ့ရစဉ်။



# (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးမှ ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား အကျဉ်းသူများအား လွတ်ငြိမ်းချမ်းသာခွင့်ပြု

**နေပြည်တော် ဇန်နဝါရီ ၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ယနေ့တွင် ကျရောက်သည့် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်သူလူထုနှလုံးစိတ်ဝမ်း အေးချမ်းစေရန်နှင့် လူမှုရေးအရ ငဲ့ညှာထောက်ထားပြီး နိုင်ငံတော်၏ မေတ္တာနှင့် စေတနာကို နားလည်စေရန် ရှေးရှု၍ ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့မတိုင်မီ လူသတ်မှု၊ မုဒိမ်းမှု၊ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများအက်ဥပဒေအရ ပြစ်မှုများ၊ မတရားအသင်းများ အက်ဥပဒေအရ ပြစ်မှုများ၊ ၁၈၇၈ ခုနှစ် လက်နက်များ အက်ဥပဒေ

စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ✣



မြစ်ကြီးနားအကျဉ်းထောင်မှ လွတ်မြောက်လာသည့် အကျဉ်းသား အကျဉ်းသူများအား စနစ်တကျ လွှတ်ပေးနေမှုကို တွေ့ရစဉ်။

## မြန်မာစာဘာသာရပ်ဆိုင်ရာ သိကောင်းစရာပါရှိ

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများအတွက် အထောက်အကူပြုစေရန် မြန်မာစာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ်ကြေးမုံသတင်းစာ စာမျက်နှာ ၂၄ နှင့် ၂၅ တွင် ဖော်ပြထားပါသည်။

## ယနေ့ ဖတ်စရာ


**၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ခြင်း အခမ်းအနား ကျင်းပ** စာမျက်နှာ » ၁၈

**လှိုင်ကော်မြို့၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနား၊ အားကစားပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပ** စာမျက်နှာ » ၁၉

**မြိတ်မြို့နယ်၌ ငွေကျပ် နှစ်ဘီလီယံကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ခုနစ်သိန်းကျော် သိမ်းဆည်းရမိ** စာမျက်နှာ » ၂၂